ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း၈ ရက်၊ ကြာသပတေးနေ့၊ (9-6-2011) (၆၇၈၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စစ်သံမှူးတို့ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Apirath Vienravi နှင့် စစ်သံမှူး Colonel Prachern Chaiyakit တို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)



ကြေးမုံ The Mirror

၉ - ၆ - ၂၀၁၁ (ကြာသပတေးနေ့)

အရည်အသွေးထူးချွန်ထက်မြက်အောင် အားထုတ်ထမ်းဆောင်

နိုင်ငံအတွင်း တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် စုစည်းယှက်နွယ်နေထိုင်လျက်ရှိသည်။ နိုင်ငံတော်က နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုတစ်ဝန်း၌ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ် ၃၄၄ ဘီလီယံ ကျော် ကျခံသုံးစွဲခဲ့သည်။

ယင်းသို့ သုံးစွဲခဲ့ရာတွင် ဆယ်စုနှစ်ပေါင်းများစွာ အလှမ်းဝေးခဲ့ရသည့် နယ်စပ်ဒေသ ပညာသင်ကြားရေးလုပ်ငန်းများကို ဦးစားပေးဖြည့်ဆည်းခဲ့သည်။ တိုင်းရင်းသားလူငယ်များအတွက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများစွာ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ရာ ယခုစာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူ နှစ်သိန်းကျော် ပညာသင်ကြားနေကြပြီဖြစ်သည်။

ထို့အတူ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်နှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးနိုင်မည့် အဆင့်မြင့်ပညာတတ်ကျွမ်းသော အသိပညာရှင်၊ အတတ်ပညာရှင်များကို မွေးထုတ်ပေးလျက်ရှိသည်။ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ရန်ကုန်နှင့် မန္တလေးတို့ကို ဖွင့်လှစ်၍ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနေပြီဖြစ်သည်။

၂၀၁၀ ခုနှစ်အထိ အဆိုပါ ဒီဂရီကောလိပ်နှစ်ခုမှ ဝိဇ္ဇာ၊ သိပ္ပံဘွဲ့၊ အင်ဂျင်နီယာဒီပလိုမာရရှိသူ ၁၅၀၃ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပေပြီ။ ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နေကြပြီ။ နယ်စပ်ဒေသမှ တိုင်းရင်းသားလူငယ်များအား ပညာသင်ကြားပေးလျက်ရှိသည့်အပြင် ဒေသအကျိုး၊ ရပ်ရွာအကျိုးကို ပါဝင်သယ်ပိုး ထမ်းဆောင်နေကြပြီဖြစ်သည်။

ယခုနှစ် ကျောင်းဆင်းတိုင်းရင်းသားလူငယ်များအနေဖြင့် ဇာတိရပ်ရွာနယ်စပ်ဒေသများသို့ ပြန်လည်သွားရောက် တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် သင်တန်းသားများသည် ဆက်လက်ပညာလေ့လာဆည်းပူးကြမည်ဖြစ်သည်။ မိမိတို့ဒေသရပ်ရွာများသို့ ပြန်လည်ရောက်ရှိ တာဝန်ထမ်းဆောင်သည့်အခါ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးများ ခိုင်မြဲအောင်ထိန်းသိမ်းကြရပေမည်။ ပညာရည်ထူးချွန်ထက်မြက်သူများဖြစ်အောင် အားထုတ်ကြိုးပမ်းကြရပေမည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် အရည်အသွေးပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းကောင်းများစွာ လိုအပ်ပါသည်။ နိုင်ငံ့အကျိုး၊ ဒေသရပ်ရွာအကျိုး စွမ်းစွမ်းတမံ သယ်ပိုးထမ်းဆောင်နိုင်ရေး မိမိတို့၏စိတ်ဓာတ်နှင့် ပညာအရည်အသွေးများ စံပြထူးချွန်ထက်မြက်နေအောင် အစဉ်တစိုက် အားထုတ်ကြိုးပမ်း စွမ်းဆောင်သွားကြရန် တိုက်တွန်းအပ်ပါသည်။ ။

အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်နှစ်မျိုး ထုတ်ဝေမည်

နေပြည်တော် ဇွန် ၈

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ တာဝန်ယူခြင်းအထိမ်းအမှတ် အထူးထုတ်စာပို့ တံဆိပ်ခေါင်းသစ် ငွေကျပ် ၅၀၀ တန် နှစ်မျိုးကို ဇွန် ၁၆ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ဆက်သွယ်ရေးစခန်း(စာတိုက်)များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေး စာတိုက်ကြီးတို့၌ ဇွန် ၁၆ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်၌ နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေါင်းတည်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် စာသင်ကျောင်းများ၊ ဈေးများတွင် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ကိုရီးယားသမ္မတနိုင်ငံမှ ဒုတိယဝန်ကြီး လာရောက်တွေ့ဆုံ နှစ်နိုင်ငံ စွမ်းအင်နှင့် သဘာဝသယံဇာတ ရှာဖွေဖော်ထုတ်ရေးလုပ်ငန်းများ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် ဇွန် ၈

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး စီမံအုပ်ချုပ်ရေးရာဌာန(၁)မှ ဒုတိယဝန်ကြီး H.E. Mr. Hong Yun Sik နှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ စွမ်းအင်နှင့်သဘာဝသယံဇာတ ရှာဖွေဖော်ထုတ်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်ခွင့်ရရှိရေး၊ နည်းပညာဆိုင်ရာအကူအညီများပေးအပ်ရေး၊ ပဉ္စမအကြိမ်မြောက် မြန်မာ-ကိုရီးယား စွမ်းအင်နှင့်သဘာဝသယံဇာတ အရင်းအမြစ်များ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီအစည်းအဝေး ကျင်းပနိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး စီမံအုပ်ချုပ်ရေးရာဌာန(၁) မှ ဒုတိယဝန်ကြီး H.E. Mr. Hong Yun Sik နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (၁၇)ကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇွန် ၈

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းသည် (၁၇)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၁၁ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် မင်္ဂလာခန်းမ RUMFCCI Office Tower အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ အစည်းအဝေး တက်ရောက်ရန် အသင်းဝင်များထံသို့ ဖိတ်စာများ ကြိုတင်ပေးပို့ထားပြီးဖြစ်ကြောင်းနှင့် ဖိတ်စာမရရှိသော အသင်းသူ၊ အသင်းသားများသည် အသင်းရုံးတည်ရှိရာ အမှတ် (၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၄၈၃၀၊ ၂၁၄၈ ၃၂ တို့သို့ ဆက်သွယ်သတင်းပေးပို့၍ အစည်းအဝေး တက်ရောက်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဥတုရာသီ တောကိုမှီ၏

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၉-၆-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၃	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၃၀	၃။	ဓမ္မပူဇာတေး
၇း၃၅	၄။	မျိုးချစ်တပ်မတော်
၇း၄၀	၅။	မြန်မာ့ရှုခင်း
၇း၄၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၅	၁။	နိုင်ငံတော်သီချင်း
၄း၁၀	၂။	အဖွင့်သီချင်း
၄း၁၅	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	ဇာတ်လမ်းတို(လက်သန့်)
၄း၂၅	၅။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၅	၆။	ဗွီစီဒီကျော်ကြားတေး
၄း၄၅	၇။	မွေးမြူသုတ
၄း၅၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၅း၁၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၀။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၇၂)**
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၃။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	၁၄။	ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၂၉)
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ်(အပိုင်း-၃၀)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ဒို့တာဝန်အရေး(၃)ပါး
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	အနုပညာရှင်၏တစ်နေ့တာ
	၂၂။	Champion League of Boxing -CARL FORCH Vs GLEN JOHNSON
	၂၃။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ(အပိုင်း-၂၁)**
	၂၅။	ဂီတရင်ခုန်သံ

ပြည်တွင်းဈေးကွက်သတင်း

ယခုအပတ်ပြည်တွင်း စားသုံးကုန်ဈေးကွက်များတွင် ပဲဆီ၊ နှမ်းဆီနှင့် စားအုန်းဆီဈေးကွက်များ၌ ဈေးကွက်လိုက်၍ ဈေးနှုန်းအပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိပြီး ပဲမျိုးစုံဈေးကွက်တွင် ဈေးနှုန်းများ ဆက်တိုက်ကျဆင်းလျက်ရှိသော်လည်း မန္တလေး မတ်ပဲဈေးကွက်မှာ ဈေးအနည်းငယ်တက်လာခဲ့သည်။

ပဲဆီ။ ။ ပြည်တွင်း ပဲဆီဈေးကွက်တွင် ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ တောင်ကြီးနှင့် စစ်တွေ ပဲဆီဈေးကွက်များမှာ ယခင်အပတ်နည်းတူ အပြောင်းအလဲမရှိ တည်ငြိမ်လျက်ရှိသော်လည်း မကွေး ပဲဆီဈေးကွက်မှာ ယခင်အပတ်က ပဲဆီတစ်ပိဿာ ဈေးနှုန်း ကျပ် ၃၈၀၀ ရှိခဲ့ရာမှ ယခုအပတ်တွင် ကျပ် ၃၇၀၀ သို့ ကျဆင်းခဲ့သည်။

နှမ်းဆီ။ ။ ပြည်တွင်း နှမ်းဆီဈေးတွင် မကွေးနှမ်းဆီဈေးကွက်မှာ ယခင် နှမ်းဆီတစ်ပိဿာလျှင် ကျပ် ၃၂၀၀ မှ ယခု ကျပ် ၃၁၀၀ သို့ ကျဆင်းခဲ့သည်။

စားအုန်းဆီ။ ။ ပြည်တွင်း စားအုန်းဆီဈေးကွက်တွင် ရန်ကုန်စားအုန်းဆီဈေးကွက်မှာ ယခင် စားအုန်းဆီတစ်ပိဿာ ဈေးနှုန်း ကျပ် ၂၂၀၀ မှ ယခု ကျပ် ၂၃၀၀ သို့လည်းကောင်း၊ မန္တလေး စားအုန်းဆီဈေးကွက်မှာ ယခင်အပတ်က စားအုန်းဆီတစ်ပိဿာ ကျပ် ၂၃၀၀ မှ ယခု ကျပ် ၂၄၀၀ သို့လည်းကောင်း၊ ပဲခူးနှင့် တောင်ကြီး စားအုန်းဆီဈေးကွက်တို့မှာ ဈေးအေးနေသည်။ မုံရွာ စားအုန်း ဆီဈေးကွက်မှာ ယခင်အပတ်က စားအုန်း ဆီတစ်ပိဿာ ကျပ် ၂၄၀၀ ရှိခဲ့ရာမှ ယခု အပတ်တွင် ကျပ် ၂၃၀၀ သို့ ကျဆင်း လျက်ရှိကြောင်း သိရသည်။

မတ်ပဲ။ ။ ပြည်တွင်း မတ်ပဲ ဈေးကွက်တွင် မုံရွာမတ်ပဲဈေးကွက်မှာ ယခင်အပတ်က မတ်ပဲတစ်တန်ဈေးနှုန်းအတိုင်း တည်ငြိမ်လျက်ရှိသော်လည်း ပြည်မတ်ပဲဈေးကွက်မှာ ယခင်မတ်ပဲ တစ်တန်ဈေးနှုန်း ကျပ် ၅၅၁၁၀၀ မှ ယခု ကျပ် ၅၄၁၉၀၀ သို့လည်းကောင်း၊ မန္တလေး မတ်ပဲဈေးကွက်မှာ ယခင်အပတ်က မတ်ပဲ တစ်တန်ဈေးနှုန်း ကျပ် ၄၈၉၉၀၀ မှ ယခုအပတ်တွင် ကျပ် ၅၁၀၁၀၀ သို့ တက်လာကြောင်း သိရသည်။

ပဲတီစိမ်း။ ။ ပြည်တွင်း ပဲတီစိမ်း ဈေးကွက်တွင် ဟင်္သာတ၊ ပခုက္ကူနှင့် ရန်ကုန်ပဲတီစိမ်းဈေးကွက်တို့မှာ အတက်အကျမရှိ တည်ငြိမ်လျက်ရှိသော်လည်း မုံရွာနှင့် မန္တလေးပဲတီစိမ်း ဈေးကွက်များတွင် ဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံ(နီ)။ ။ ပြည်တွင်းပဲစင်းငုံ(နီ) ဈေးကွက်တွင် မန္တလေးပဲစင်းငုံ(နီ) ဈေးကွက်မှာ ယခင်အပတ်ကထက် ပဲစင်းငုံ(နီ)ဈေးနှုန်းအနည်းငယ်ကျဆင်းခဲ့သည်။ မုံရွာပဲစင်းငုံ(နီ)ဈေးကွက်မှာ ယခင် ပဲစင်းငုံ(နီ) တစ်တန်ဈေးနှုန်းကျပ် ၄၃၇၈၀၀ မှ ယခု ကျပ် ၄၀၇၂၀၀ သို့ လည်းကောင်း ဈေးနှုန်းများကျဆင်းခဲ့ကြောင်း သိရသည်။ (နိုင်လင်းကြည်)

ကွန်ကရစ်လမ်းမကြီးများပေါ်တွင် သံဘီးတပ်ယာဉ်၊ မြင်းလှည်းယာဉ်၊ နွားလှည်းယာဉ်များ မောင်းနှင်ခြင်း မပြုရ။

ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော် ကော်မတီဝင်များ ဥပဒေဆိုင်ရာစာတမ်း ဖတ်ကြားဆွေးနွေးပွဲ ဒုတိယနေ့ လွှတ်တော်ရုံးခန်းမဆောင်၌ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၈

ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော်ကော်မတီဝင်များ ဥပဒေဆိုင်ရာစာတမ်းဖတ်ကြားဆွေးနွေးပွဲ ဒုတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရုံး ခန်းမဆောင်၌ ဆက်လက်ကျင်းပသည်။

အဆိုပါ စာတမ်းဖတ်ကြားဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့မှ ကော်မတီဝင်များ၊ တက္ကသိုလ်များမှ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများနှင့် ကထိကများ တက်ရောက်ကြသည်။

နံနက်ပိုင်း စာတမ်းဖတ်ကြားဆွေးနွေးပွဲ သဘာပတိအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး ဒဂုံတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာမွန်မွန်တာက Maritime Lien စာတမ်းကိုလည်းကောင်း၊ မကွေးတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာခင်ချစ်ချစ်က Analytical Study on Utmost Good Faith in Insurance Contract စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ညနေပိုင်း စာတမ်းဖတ်ကြားဆွေးနွေးပွဲ သဘာပတိအဖြစ် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းက ဆောင်ရွက်ပြီး မုံရွာတက္ကသိုလ် ဥပဒေပညာဌာနမှ ကထိက ဒေါက်တာမိခင်စောအောင်က Legal Issues on the Continental Shelf စာတမ်းကို လည်းကောင်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာမမလေးက Development of Judicial System in Myanmar စာတမ်းကိုလည်းကောင်း၊ ရတနာပုံတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါ်သန်းဌေးက Study on Exclusion of Oral by Documentary Evidence စာတမ်းကိုလည်းကောင်း၊ မုံရွာတက္ကသိုလ် ဥပဒေပညာဌာနမှ ကထိက ဒေါက်တာခင်နွယ်အေးက Burden of Proof in Legal Proceedings စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက စာတမ်းများအပေါ် ပြန်လည်မေးမြန်းဆွေးနွေးကြပြီး ဥပဒေဆိုင်ရာစာတမ်းဖတ်ကြားဆွေးနွေးပွဲ ဒုတိယနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော်ကော်မတီဝင်များ ဥပဒေဆိုင်ရာ စာတမ်းဖတ်ကြားဆွေးနွေးပွဲ ဒုတိယနေ့သို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့ တက်ရောက်ကြစဉ်နှင့် သဘာပတိ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း အဖွင့်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မုံရွာတက္ကသိုလ် ဥပဒေပညာဌာနမှ ကထိက ဒေါက်တာမိခင်စောအောင် Legal Issues on the Continental Shelf စာတမ်းကို ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၈-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၄၀၅၆	၀. ၀၃၂၈၉
တရုတ် (ယွမ်)	၆. ၄၇၆၇၀	၀. ၁၅၄၄၀
အိန္ဒိယ (ရူပီး)	၄၄. ၇၁၀၀	၀. ၀၂၂၃၇
မလေးရှား (ရင်းဂစ်)	၃. ၀၁၇၅၀	၀. ၃၃၁၄၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၂၈၅	၀. ၈၁၁၁၃
ဂျပန် (ယန်း)	၇၉. ၈၆၁၅	၀. ၀၁၂၅၂
တောင်ကိုရီးယား(ဝမ်)	၁၀၈၀. ၆၆	၀. ၀၀၀၉၃
ယူရို	၀. ၆၈၄၂၈	၁. ၄၆၁၃၈
ဗြိတိသျှ (ပေါင်)	၀. ၆၁၁၃၁	၁. ၆၃၅၈၃

အင်တာနက်။

နိုင်ငံတကာအသိအမှတ်ပြု ကျန်းမာရေးစောင့်ရှောက်မှု ဒီပလိုမာသင်တန်းအမှတ်စဉ်(၃) ဖွင့်မည်

ရန်ကုန် ဇွန် ၈

UK သင်ရိုးညွှန်းတမ်းများအတိုင်း စာတွေ့လက်တွေ့သင်ကြားမည့် CITY AND GUILDS မှ ချီးမြှင့်သော HEALTH CARE DIPLOMA(UK)ကို မြန်မာနိုင်ငံ၌ ကုန်ကျစရိတ်အသက်သာဆုံးဖြင့် သင်ယူနိုင်ပြီဖြစ်သည်။ ဒီပလိုမာကို UK မှ တိုက်ရိုက်ပေးအပ်သည့်အတွက် ပြည်တွင်းပြည်ပလုပ်ငန်းခွင်များတွင် အလုပ်အကိုင်ရရှိရန် သေချာသောအခွင့်အလမ်းဖြစ်ကြောင်း၊ NGO,UN နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်သမားဌာနများတွင် ဝင်ရောက်လုပ်ကိုင် နိုင်ကြောင်းသိရသည်။ စင်ကာပူနိုင်ငံတွင် S pass လျှောက်ထားရာ၌ လွယ်ကူမှုရှိပြီး ဂျပန်နိုင်ငံ ဘိုးဘွားရိပ်သာများတွင်လည်း အလုပ်ရရှိနိုင်ကြောင်း၊ သင်တန်းကာလမှာ ခြောက်လဖြစ်ပြီး သင်တန်းပြီးဆုံးပါက အောင်မြင်သူများ Specialist Health Care Diploma ကို ဆက်လက်သင်ကြားခွင့်ရှိမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

Health Care Diploma သင်တန်းကို ဇွန် ၁၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး Specialist Health Care Diploma သင်တန်းကို ဇူလိုင် ၉ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက နောင်လုံပညာရေးစင်တာ အမှတ်(၁၇၀၊ ၁၇၆) ဗိုလ်အောင်ကျော်လမ်း MGW Tower (၇)လွှာ အခန်း(၇၀၁) ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၆၅၆၂၊ ၀၉-၅၀၁၉၀၉၄၊ ၀၁-၂၄၉၃၇၆ Email-nlfec 2001@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရေဦးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇွန် ၈

ရေဦးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ မိုးညှင်းဝိပဿနာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ စုပေါင်းလှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲများကိုပါ ကျင်းပမည်ဖြစ်၍ အဆိုပါ အခမ်းအနားသို့ ရေဦးမြို့နယ်သူ၊ မြို့နယ်သားများနှင့် အသင်းသူ၊ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဗိုလ်မှူးကြီးကြည်မောင်(ငြိမ်း) ဖုန်း-၅၅၆၈၄၀၊ ဦးကိုကိုကြီး ဖုန်း-၅၀၁၇၁၁၊ ဦးသန်းနွဲ့ ဖုန်း-၆၁၇၂၆၊ ဦးဘအုပ် ဖုန်း-၇၀၃၃၄၁၊ ဦးမြ ဖုန်း-၀၉-၅၁၇၇၆၇၄ နှင့် ဦးသိန်းထွန်း ဖုန်း-၀၉-၅၀၄၃၇၆၅ တို့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၆-၂၀၁၁ (ကြာသပတေးနေ့)

AM & PM
၅း၀၅ ပဌာန်းပါဠိတော်+ဇေဂုသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ကုသိုလ်ရှိရင်မပူရဘူး" တရားတော်
၆း၃၅ တောင်ကြီးမြို့ရဲ့တုမရှိ လောကချမ်းသာစူဠာမုနိ
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၉)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၈၇)**
၈း၅၀ သာသနာရောင်ဝါထွန်းသည့် တွံတေးမြို့နယ်ဘုရားကြီးရွာ၏ အလှူတော်မင်္ဂလာ
၉း၀၅ Activities In The City
၉း၁၅ ပတ္တမြား FM ၏ Top Presenter ရွေးချယ်ပွဲ
၉း၄၀ Fashion Talk
၁၀း၁၅ ပုံဖော်ဆန်းပြားအနုလက်ရာ စစ်စစ်များ
၁၀း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၀၀ The Champion of Dance
၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ
၁၂း၃၅ ယဉ်တကာ့ယဉ်
၁း၀၀ "ကုသိုလ်ရှိရင်မပူရဘူး" တရားတော်
၁း၅၀ ထူးခြားသောဘူမိအနေအထားနှင့် ဖူးမဝသော ကျိုက်ထီးရိုးစေတီ
၂း၀၀ MRTV-4 သတင်း
၂း၂၀ Activities In The City
၂း၃၅ ဘီတွတ်ရွာတွင် တည်ထားပူဇော် တာဝတိံသာစေတီတော်
၂း၄၅ ရန်ကုန်မြင်ကွင်းကျယ်
၃း၁၀ ဗုဒ္ဓနှစ်(၂၆၀၀)ပြည့် အထိမ်းအမှတ်ပူဇော်ပွဲ
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၉)**
၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၈၇)**
၅း၀၀ ခါတ်ပုံထဲမှအမှတ်တရများ
၅း၃၀ Hip Hop Selection
၆း၀၀ MRTV-4 သတင်း
၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၀)**
၇း၀၅ Style ရှိမှ Star ဖြစ်မယ်
၈း၀၀ MRTV-4 သတင်း
၈း၃၀ Activities In The City
၈း၄၀ စကားနပန်း
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၈၈)**
၁၀း၂၀ အားကစားမြင်ကွင်းစုံ
၁၀း၄၅ ဝက်နားရွက်ပြာရောဂါ အကြောင်းသိကောင်းစရာ
၁၁း၁၀ အနုပညာမိုးကောင်းကင်
၁၁း၃၀ ဘေးကင်းရန်ကွာအချိန်ကုန် သက်သာဖို့ Rinnai ကိုရွေးချယ်စို့
၁၁း၄၅ ဂီတသရုပ်ပြခန်း
၁၂း၁၀ အတ္ထရံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ရွာကလေး
၁၂း၂၀ လှုပ်ရှားစုံစုံမြန်မာ့သုခုမဇာတ်ခုံ
၁၂း၄၅ လက်ဝယ်ရှိသော
၁း၀၀ ကိုယ်ပိုင်ဟန်ဖက်ရှင်
၁း၁၀ အဆင့်မြင့်ကြွေသီးစက်ရုံ
၁း၄၀ နယ်ဥဆန်းထွင်ပန်းအလှဆင်
၂း၁၀ ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး
၂း၂၀ ဒို့တိုင်းဌာနီဧရာဝတီ
၂း၅၀ မြိုင်ရာဇာတွတ်ပီနှင့် အနော်ဖလီး
၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅ ဖွံ့ဖြိုးတိုးတက်နေသော နေပြည်တော်
၄း၂၅ မြန်မာ့လက်ရာ
၄း၄၅ အဓိဌာန်ပြုကာဆုခြွေမည် ဦးရာဇ်တော်စေတီ
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၁၈)ရပ်ကွက် သခင်ကိုယ်တော်မှိုင်းလမ်းနှင့် ရွှေရင်အေးဘုရားလမ်းထောင့် ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် အလှူရှင် ဦးလှသိန်း-ဒေါ်ချိုချိုမိသားစုနှင့် မိုးဆောက်လုပ်ရေးအဖွဲ့တို့က ငွေကျပ် ၅၃၀၂၀၀ တန်ဖိုးရှိ ကွန်ကရစ် အုတ်မြောင်းပေါင် လှူဒါန်းရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ဆောင်ရွက်စဉ်။

(၃၂၉)

လေယာဉ်ပြန်ပေးဆွဲ အကြမ်းဖက်တိုက်ခိုက်မှု တားဆီးကာကွယ်ရေး ရုရှားနှင့် နေတိုးနိုင်ငံများ ပူးတွဲစစ်ရေးလေ့ကျင့်

မော်စကို ဇွန် ၈

ခရီးသည်တင်လေယာဉ်များအား ပြန်ပေးဆွဲကာ အကြမ်းဖက်တိုက်ခိုက်မှုကို တားဆီးကာကွယ်နိုင်ရန် ရည်ရွယ်လျက် ရုရှားနှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)နိုင်ငံများမှ တပ်ဖွဲ့များသည် ဇွန် ၇ရက်မှစတင်ကာ စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ပြုလုပ်လျက်ရှိကြောင်း ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ပိုလန်နှင့် ရုရှားနိုင်ငံနယ်စပ်ဒေသ၌ လေယာဉ်တစ်စင်း ပြန်ပေးဆွဲခံရသည့် အခြေအနေကို သဏ္ဌာန်လုပ် သရုပ်ဆောင်ကာ စစ်ရေးလေ့ကျင့်ခဲ့ကြသည်။

ပိုလန်နိုင်ငံမှ တိုက်လေယာဉ်များသည် လေယာဉ်တစ်စင်း ပြန်ပေးဆွဲခံရသည့်အခြေအနေတွင် ရုရှားနိုင်ငံမှ တိုက်လေယာဉ်များနှင့် မည်သို့မည်ပုံ ပူးပေါင်းကာဆောင်ရွက်နိုင်မည်ကို သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

လေယာဉ်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုမှ တားဆီးကာကွယ်နိုင်ရန် ရုရှားနှင့် နေတိုးနိုင်ငံများ ပူးတွဲစစ်ရေးလေ့ကျင့်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

စစ်ရေးလေ့ကျင့်မှုအစီအစဉ်အရ နော်ဝေနိုင်ငံနှင့် ရုရှားနိုင်ငံနယ်စပ် ပင်လယ်နက်ဒေသ ဝေဟင်အတွင်း နေတိုးနှင့် ရုရှားတိုက်လေယာဉ်များ ပူးတွဲစစ်ရေးလေ့ကျင့်မည်ဖြစ်သည်။ ***အင်တာနက်။***

ရုရှား-နေတိုး ပူးတွဲစစ်ရေးလေ့ကျင့်မှု၌ ပါဝင်သော ရုရှားတိုက်လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အတွက် လေယာဉ်တင်သင်္ဘောကြီးတစ်စင်း တည်ဆောက်နေ

ဟောင်ကောင် ဇွန် ၈

တရုတ်နိုင်ငံသည် လေယာဉ်တင်သင်္ဘောကြီးတစ်စင်းကို တည်ဆောက်လျက်ရှိကြောင်း တရုတ်စစ်ဘက်ဆိုင်ရာ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဇွန် ၈ ရက်တွင် အတည်ပြုပြောကြားလိုက်သည်။

ဆိုဗီယက်ပြည်ထောင်စုခေတ်က အသုံးပြုခဲ့သော လေယာဉ်တင်သင်္ဘောဟောင်းတစ်စင်းကို အကြီးစားမွမ်းမံပြင်ဆင်လျက်ရှိကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ ဦးစီးချုပ် ချန်ဘင်းက ဟောင်ကောင်၌ထုတ်ဝေသော ကူးသန်းရောင်းဝယ်ရေးနေ့စဉ်အမည်ရှိ သတင်းစာ၏လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

ဆိုဗီယက်ပြည်ထောင်စုခေတ်က အသုံးပြုခဲ့သော ဗားယက်အမည်ရှိ လေယာဉ်တင်သင်္ဘောကြီးကို ၁၉၉၈ ခုနှစ်က ဝယ်ယူခဲ့ပြီး အကြီးစားမွမ်းမံမှုများပြုလုပ်ခဲ့ရာ ပြီးစီးလုနီးပြီဟု သတင်းများပေါ်ထွက်ခဲ့ပြီးနောက် ၎င်းက အတည်ပြုပြောကြားလိုက်ခြင်းဖြစ်သည်။

အဆိုပါလေယာဉ်တင်သင်္ဘောကြီးသည် လောလောဆယ်တွင် နိုင်ငံအရှေ့မြောက်ပိုင်း ပင်လယ်ဆိပ်ကမ်းမြို့ကြီးဖြစ်သော တာ့လျံမြို့၌ စခန်းချထားသည်။

ဗားယက်လေယာဉ်တင်သင်္ဘောကြီးကို လေ့ကျင့်ရေးဆိုင်ရာ စစ်သင်္ဘောကြီးအဖြစ်လည်းကောင်း၊ အနာဂတ်ကာလတွင် ပြည်တွင်း၌ လေယာဉ်တင်သင်္ဘောတည်ဆောက်သည့်အခါ နမူနာပုံစံအဖြစ် အသုံးပြုနိုင်ရန် လည်းကောင်း ရည်ရွယ်ကြောင်း တရုတ်စစ်ရေးကျွမ်းကျင်သူ ပညာရှင်တစ်ဦးက ပြောကြားသည်။

ဗားယက်လေယာဉ်တင်သင်္ဘောကြီးကို ကနဦးအားဖြင့် ဆိုဗီယက်ရေတပ်အတွက် တည်ဆောက်ခဲ့သည်။ ၁၉၉၁ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲခဲ့ပြီးနောက် လေယာဉ်တင်သင်္ဘောကြီးတည်ဆောက်ရာ၌ နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်ခဲ့ရသည်။

လေယာဉ်တင်သင်္ဘောကြီးကို အစောဆုံး ဇွန်လတွင် ရေချမည်ဖြစ်ကြောင်း ဟောင်ကောင်သတင်းစာက ရေးသားဖော်ပြသည်။ ***အင်တာနက်။***

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဒီရေရောက်သစ်တောဒေသ၌ ကျက်စားသော ဘင်္ဂလားကျားတစ်ကောင်ကိုတွေ့ရစဉ်။

တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးရဲတပ်ဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ထူထောင်မည်

ဒါကာ ဇွန် ၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရှားပါးတောရိုင်းတိရစ္ဆာန်များအား ဥပဒေမဲ့ အမဲလိုက်သတ်ဖြတ်ခြင်းနှင့် မှောင်ခို ရောင်းဝယ်ခြင်းတို့မှ တားဆီးနိုင်ရန် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးတပ်ဖွဲ့ကို ထူထောင်မည်ဖြစ်ကြောင်း အစိုးရ အထက်တန်းတာဝန်ရှိသူ တစ်ဦးက ဇွန် ၈ ရက်တွင် ပြောကြားသည်။

ဖြန့်ကြက်မည်

တောရိုင်းတိရစ္ဆာန်များနှင့် သက်ဆိုင်နေသော ရာဇဝတ်မှုခင်း ထိန်းချုပ်ရေးရဲတပ်ဖွဲ့ကို အင်အား ၃၀၀ ဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး ဇူလိုင်လမှစ၍ သစ်တောဒေသများ၌ ဖြန့်ကြက်မည်ဖြစ်ကြောင်း အစိုးရအဖွဲ့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း အကြီးအကဲ တာပန်ကူးမားက ပြောကြားသည်။

မျိုးသုဉ်းမည့်အန္တရာယ်ရှိ တိုင်းရင်းတောရိုင်းတိရစ္ဆာန်များ၊ မျိုးစိတ်များနှင့် ၎င်းတို့ ကျက်စားရာနေရာများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ကမ္ဘာ့ဘဏ်ရန်ပုံငွေဖြင့် ဆောင်ရွက်သော စီမံကိန်းတစ်ရပ်အရ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ရဲတပ်ဖွဲ့ကို ထူထောင်ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

တောရိုင်းတိရစ္ဆာန်များအား ခိုးဝှက်ဖမ်းဆီးသတ်ဖြတ်မှုများကို တိုက်ဖျက်နိုင်ရန် သီးသန့်ရဲတပ်ဖွဲ့ တစ်ဖွဲ့ထူထောင်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ တောရိုင်းတိရစ္ဆာန် ခိုးဝှက်သတ်ဖြတ်သူများသည် ပညာသားပါပါဖြင့် ရာဇဝတ်ပြစ်မှုများကို ကျူးလွန်လျက်ရှိကြောင်း၊ မကြာသေးမီကာလမှစ၍ တောရိုင်းတိရစ္ဆာန်များအား မှောင်ခိုထုတ်လုပ်မှုလုပ်ရပ်များ ပိုမိုဖြစ်ပွားလာခဲ့ကြောင်း ကူးမားက ပြောကြားသည်။

တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး ရဲတပ်ဖွဲ့ဝင်အများစုကို ဆန်ဒါဘန်းသစ်တောဒေသ၌ ဖြန့်ကြက်ထားမည်ဖြစ်သည်။ ဆန်ဒါဘန်းသစ်တောဒေသသည် ကမ္ဘာ့အကြီးဆုံး ဒီရေရောက်သစ်တောဒေသဖြစ်ပြီး မျိုးသုဉ်းမည့်ဘေးအန္တရာယ်ရှိ ဘင်္ဂလားကျားများ နေထိုင်ကျက်စားရာဖြစ်သည်။

တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးရဲတပ်ဖွဲ့ကို ခေတ်မီလက်နက်များ တပ်ဆင်ပေးမည်ဖြစ်ပြီး ကင်းလှည့်မော်တော်ဘုတ် ၃၈ စင်းအသုံးပြုကာ ကင်းလှည့်စောင့်ကြပ်မည်ဖြစ်သည်။ ***အင်တာနက်။***

သာယာလှပသော ဘော်နီယိုသစ်တောဒေသ တစ်နေရာကို တွေ့ရစဉ်။

ကမ္ဘာ့သစ်တောကဏ္ဍ၌ ရင်းနှီးမြှုပ်နှံရန် လိုအပ်

နိုင်ရိုဘီ ဇွန် ၈

သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကင်းမဲ့သော စီးပွားရေးဘဝကို တည်ဆောက်နိုင်ရန် ကမ္ဘာ့သစ်တောကဏ္ဍ၌ နှစ်စဉ် ဒေါ်လာ ၄၀ ဘီလီယံ ရင်းနှီးမြှုပ်နှံရန်လိုအပ်ကြောင်း ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် အစီအစဉ်(ယူအင်န်အီးပီ)က မကြာသေးမီက ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

ကမ္ဘာ့သစ်တောကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ပြုလုပ်ခြင်းဖြင့် ၂၀၃၀ ပြည့်နှစ်ထက် နောက်မကျဘဲ ကမ္ဘာ့သစ်တောပြုန်းတီးမှုကို ထက်ဝက်လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ၂၀၅၀ ပြည့်နှစ်ထက်နောက်မကျဘဲ သစ်ပင်စိုက်ပျိုးမှုနှုန်း ၁၄၀ ရာခိုင်နှုန်းခန့် မြင့်တက်နိုင်မည်ဖြစ်ကြောင်း ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ အခြေစိုက် ယူအင်န်အီးပီက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

သစ်တောပြုန်းတီးမှုကြောင့် ပြိုကွဲသွားရသော သစ်တောဒေသများ တစ်ဆက်တစ်စပ်တည်း ပြန်လည်ဖြစ်ပေါ်လာစေရန် သစ်တောစိုက်ခင်းသစ်များ ပြန်လည်ထူထောင်ရမည့် နေရာဒေသများကို ဖော်ပြသော မြေပုံများရေးဆွဲနိုင်ရန် ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်အစီအစဉ်က သိပ္ပံပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ***အင်တာနက်။***

စစ်သွေးကြွတို့၏လေ့ကျင့်ရေးစခန်းကို မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်

အစ္စလမ္မာဘတ် ဇွန် ၈

ပါကစ္စတန်နိုင်ငံ ဝါဇီရစ္စတန်မြောက်ပိုင်းဒေသ၌ မသင်္ကာဖွယ်ရာ စစ်သွေးကြွလေ့ကျင့်ရေးစခန်းတစ်ခုကို အမေရိကန် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် ၁၉ ဦးသေဆုံးကြောင်း ဂျီအိုရုပ်မြင်သံကြားဌာနက ဇွန် ၈ရက်တွင် သတင်းထုတ်ပြန်သည်။

အာဖဂန်နစ္စတန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့၏ နယ်စပ်ဒေသမှ မဝေးကွာသော ရှာဝါဒေသရှိ ဇိုနာရီကျေးရွာ၌ ဇွန် ၈ ရက် မွန်းတည့်ချိန်ဝန်းကျင်တွင် ယင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။

စစ်သွေးကြွများ၏ လေ့ကျင့်ရေးစခန်းအဖြစ် သင်္ကာမကင်းဖြစ်ရသော အဆောက်အအုံကို အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့(စီအိုင်အေ)၏ မောင်းသူမဲ့လေယာဉ်က ဒုံးကျည်ငါးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ၁၉ ဦးသေဆုံးကြောင်း ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။ ***အင်တာနက်။***

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇွန် ၈

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၈ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၆၀၈၉ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၇၉၀၈၆ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၆၀၈၉ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၉၀၈၆ ဦး

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇွန် ၈

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဇွန် ၈ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၉၄၉ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၄၁၄၇၈ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၉၄၉ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၄၇၈ ဦး

အင်တာနက်။

ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်သွားမည်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း လေးခန်းတွဲ နှစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။(သတင်းစဉ်)

နေပြည်တော် ဇွန် ၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၆ ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး လေးခန်းတွဲ နှစ်ထပ် တိုးချဲ့ကျောင်းဆောင်သစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပုလဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများက ဆောက်လုပ်ရေးပစ္စည်းများ စုဆောင်းထားရှိမှု၊ ကျောင်းဆောင်သစ် တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက အခန်းဖွဲ့စည်းတည်ဆောက်မှုနှင့် လိုက်လျောညီထွေစွာ ဆင့်နှင့်ကြမ်းခင်းများကို ခိုင်ခံ့အောင်စီမံဆောက်လုပ်ရေး၊ အမိုးလုပ်ငန်းများဆောင်ရွက်ရာတွင် မိုးယိုမှုမရှိအောင် စနစ်တကျဆောင်ရွက်ရေး၊ ကျောင်းဆောင်များ၊ ကျောင်းခန်းမ၊ စာသင်ခန်းများနှင့် ကျောင်းပတ်ဝန်းကျင်ကို အမှိုက်ကင်းစင်ပြီး သန့်ရှင်းသာယာလှပသောကျောင်း၊ ကျန်းမာရေးနှင့်ပြည့်စုံသည့် စံပြကျောင်းဖြစ်အောင် အမှိုက်ပုံး၊ အမှိုက်လှည်းစနစ်များ ထားရှိလျက် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လေးခန်းတွဲ နှစ်ထပ် တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားသို့ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ပုလဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမများနှင့် အခြေခံပညာအထက်တန်းကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ယခုအခါ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ငန်းကော်မတီ(၈)ခုဖွဲ့စည်းကာ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်(၈)ရပ်အနက် ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး ယင်းလုပ်ငန်းစဉ်တွင် ကျေးလက်ပညာရေး၊ ကျန်းမာရေး၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ပါဝင်ကြောင်း၊ ယနေ့ မင်းတိုင်ပင်အခြေခံပညာအထက်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ပေးခြင်းသည် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်းပင်ဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းဆောက်လုပ်ရေး အလှူငွေများပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဝန်ကြီးမိသားစုမှ လှူဒါန်းငွေကျပ် ၆၁ သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်မှ လှူဒါန်းငွေကျပ်သိန်း ၃၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်မှ လှူဒါန်းငွေကျပ် သိန်း ၃၀၊ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း (ဥက္ကဋ္ဌ "တီရောမဏီ" ကျောက်မျက်ကုမ္ပဏီ)မှ လှူဒါန်းငွေကျပ် ကိုးသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက စည်းရုံးစီစဉ်လှူဒါန်းငွေကျပ် ၂၁၅ သိန်း အပါအဝင် စုစုပေါင်းငွေကျပ် ၃၄၅ သိန်းကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဇီးဖြူကုန်းကျေးရွာ၊ နွှာရိုးကျေးရွာ၊ အင်မထီးကျေးရွာ၊ ချင်ပြစ်ကျင်းကျေးရွာ၊ ချောင်းဦးကျေးရွာနှင့် ရှောက်ရင်းကုန်းကျေးရွာတို့တွင် စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် တစ်ရွာလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် စုစုပေါင်းအလှူငွေကျပ် သိန်း ၆၀ ကို လည်းကောင်း၊ ပုလဲမြို့နယ်ခန်းမ (ဓမ္မာရုံ) အချောသပ်တည်ဆောက်ရေးအတွက် အလှူငွေကျပ် သိန်း ၆၀ ကိုလည်းကောင်း၊ မင်းတိုင်ပင်စံပြကျေးရွာအုပ်စု ကျောက်ဖျာကန်ကျေးရွာ "အမေမြ" စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းက အခြေခံပညာ အထက်တန်းနှင့် အလယ်တန်း ကျောင်းသုံးပုံနှိပ်စာအုပ် အစုံ ၅၀၀ ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်က ပုလဲမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၃၀၀ ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆွေက ပုလဲမြို့နယ်အတွင်းရှိ ဆောက်လုပ်ထားသော စာကြည့်တိုက်များအတွက် စာအုပ်စာစောင် ၂၅၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ မင်းတိုင်ပင်စံပြကျေးရွာနှင့် ပတ်ဝန်းကျင် ဒေသခံကျေးရွာ ၁၅ ရွာတို့မှ တာဝန်ရှိသူများက မင်းတိုင်ပင် တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် စုစုပေါင်းအလှူငွေကျပ် ၈၄၅၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကျောင်းဆောက်လုပ်ရေး ကော်မတီအဖွဲ့ဝင်များက လက်ခံကြသည်။

ထို့နောက် ရပ်မိ ရပ်ဖ ဦးချစ်မြိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် မိမိတို့မြို့နယ်သည် ရှေးယခင်က ပညာရေးဖွံ့ဖြိုးမှု အင်မတန်နောက်ကျခဲ့ပါကြောင်း၊ ၁၉၆၉ ခုနှစ်တွင် တစ်မြို့နယ်လုံး၌ တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ခြောက်ဦးသာရှိခဲ့ပြီး အခြေခံပညာအထက်တန်းအဆင့် ပညာသင်ယူခွင့်ရရှိရေးအတွက် မုံရွာ၊ မန္တလေးစသည့် မြို့ကြီးများသို့ သွားရောက်သင်ယူခဲ့ကြရပါကြောင်း၊ ယနေ့ အခြေအနေများမှာမူ အလွန်တိုးတက်လာခဲ့ပြီ ဖြစ်ကြောင်း၊ ပုလဲမြို့နယ်အတွင်းတွင် အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ သုံးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ ၁၅ ကျောင်း၊ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၄၃ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၅၁ ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်းခွဲ ခုနစ်ကျောင်းတို့ကို နိုင်ငံတော်က ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ စာသင်ကျောင်းများ များပြားလာသည့်အလျောက် ကျောင်းသား၊ ကျောင်းသူများလည်း ကျောင်းတိုင်း၌ တိုးတက်များပြားလာပါကြောင်း၊ ယခုအခါ တည်နေရာအနေအထားအရ မြို့နယ်၏ အလယ်ဗဟိုတွင် တည်ရှိနေသည့် မင်းတိုင်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူဦးရေ ၁၇၆၆ ဦးအထိ တိုးတက်များပြားလာပါကြောင်း၊ ပုလဲမြို့ပေါ် အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းသားဦးရေထက်ပင် သုံးဆကျော်ပိုမိုများပြားပါကြောင်း၊ ကျောင်းသားများလာသည်နှင့်အမျှ ယခင်ကျောင်းဆောင်၊ ပရိဘောဂများဖြင့် မလုံလောက်တော့ဘဲ ကျောင်းဆောင်သစ်များ လိုအပ်လာပါကြောင်း၊ ဤအချက်ကို မိမိတို့မြို့နယ်၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက သိမြင်ပြီး ပံ့ပိုးလှူဒါန်းမှု ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ဆက်လက်၍ တင်ပြလိုသည်မှာ နိုင်ငံတော်၏ ဆည်မြောင်းစီမံကိန်းကြီးများကြောင့် မိုးကောင်းရေဝင် စိုက်ပျိုးရေးဒေသအဖြစ်မှ စိုက်ပျိုးရေလိုအပ်ချိန် ရေရရှိနေသည့်အဆင့်မြင့် စိုက်ပျိုးဒေသအဖြစ် ကူးပြောင်းရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ မြောက်ယမားဆည်၊ တောင်ယမားဆည်၊ လှိုင်းချောင်းဆည်၊ ကန့်ဒေါင့်ဆည်၊ မြောက်ယမားရေကူလျှောင်တမံ စီမံကိန်းကြီးများအပြင် "စသာ" ရေလွှဲဆည်ကိုလည်း စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေး အောင်မြင်သည့်အတွက် ဒေသနေပြည်သူများ၏ စီးပွားရေးလည်းဖွံ့ဖြိုးတိုးတက်လာပါကြောင်း၊ ဤအချက်များကို တင်ပြရခြင်းမှာ စီးပွားရေးဖွံ့ဖြိုးမှ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်လာမည်ဆိုသည်ကို ထောက်ခံတင်ပြခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် ယနေ့ ပြည်ထောင်စုဝန်ကြီး၏ အလှူငွေပေးအပ်ပွဲသို့ ကျေးရွာအသီးသီးမှ ရောက်ရှိလာကြသည့် ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ကျေးရွာ တာဝန်ရှိလူကြီးအသီးသီးတို့သည် နိုင်ငံတော်က တည်ဆောက်ပေးထားသည့် ဆည်မြောင်း၊ လမ်းမကြီးများနှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း စီမံဆောင်ရွက်ပေးခဲ့သည့် ဒေသဖွံ့ဖြိုးရေးလမ်းများပေါ်မှ နေပြီးကောက်သင်းရနံ့လေးကို ရှူပြီး နှမ်းလျှင်စိုက်ခင်းများတစ်လျှောက် ဆိုင်ကယ်အသီးသီးဖြင့် အချိန်တိုအတွင်း အလျင်အမြန် သွားလာနိုင်ကြပြီဖြစ်ပါကြောင်း၊ ဤသည်တို့မှာ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုပြယုဂ်များပင်ဖြစ်ပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် မိမိတင်ပြခဲ့သည့် တစ်မြို့နယ်လုံးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး ဘက်စုံတိုးတက်အောင် စီမံလမ်းညွှန်ဆောင်ရွက်ပေးသည့် နိုင်ငံတော်နှင့်တကွ အဘက်ဘက်မှ ပံ့ပိုးကူညီလမ်းညွှန်ဆောင်ရွက်ပေးသော ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပုလဲမြို့နယ်ပြည်သူအားလုံးက အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံ ကျေးလက်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း လေးခန်းတွဲ နှစ်ထပ် တိုးချဲ့ကျောင်းဆောင်သစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့မီးရထား ဝန်ထမ်းသားသမီးများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် အလှူငွေများ ပေးအပ်

နေပြည်တော် ဇွန် ၈

မြန်မာ့မီးရထားဖြင့် ကုန်တင်ပို့သူအလှူရှင်များက မြန်မာ့မီးရထားဝန်ထမ်းများ၏ သားသမီးများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် အလှူငွေများ ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ဘူတာကြီးရှိ ဦးဆောင်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက အမှာစကားပြောကြားပြီး ရန်ကုန်နှင့် မန္တလေးမှ မြန်မာ့မီးရထားဖြင့် ကုန်တင်ပို့သူ အလှူရှင်များက ဦးဆောင်ညွှန်ကြားရေးမှူးထံ ဗလာစာအုပ်နှင့် အလှူငွေများ ပေးအပ်ကြသည်။

လှူဒါန်း

မြန်မာ့မီးရထားဖြင့် ကုန်တင်ပို့သူများက မြန်မာ့မီးရထား ဝန်ထမ်းသားသမီးများအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် အလှူငွေစုစုပေါင်း ငွေကျပ် ၁၇၄ သိန်း လှူဒါန်းခဲ့ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၄) ရပ်ကွက်နေ ဗိုလ်မှူးအက်စ်လှထွေး (ငြိမ်း)၊ ဦးရဲမြင့်-ဒေါ်နန်းအိအိဇာ (သရဖူနှင့် Wellness မဂ္ဂဇင်း) မိသားစုက စာရေးဆရာမကြီး ယုဝတီဂျင်းဖောမယ် ကွယ်လွန်ခြင်း (၈)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ရည်စူး၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ် ကုသဆောင်အတွက် ငွေကျပ် ၂၁၀၀၀၀ တန်ဖိုးရှိ ချွဲစုပ်စက်အား ဇွန် ၇ ရက်က ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာခင်သန်းမွန် လက်ခံရယူစဉ်။ (ကြေးမုံ)

(9-6)05.pmd 1 6/9/2011, 3:32 AM

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ပင်စင်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် ဇွန် ၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပင်စင်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ ပင်စင်ဦးစီးဌာနသည် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာငွေကိစ္စများကို တွက်ချက်ပေးရသော အဖွဲ့အစည်းဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုတိုင်း မှန်ကန်မြန်ဆန်မှုရှိစေရန် အထူးအလေးထားရမည်ဖြစ်ကြောင်း၊ ဆက်သွယ်သူ အငြိမ်းစားဝန်ထမ်းများ၏ ရသင့်ရထိုက်သော အငြိမ်းစားလစာနှင့် ဆုကြေးဆိုင်ရာ အခွင့်အရေးများကို စေတနာ အရင်းခံထားပြီး ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြည့်ဆည်းကြရန်ဖြစ်ကြောင်း၊ ပြောင်းလဲတိုးတက်လျက်ရှိသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးချနိုင်ရန် စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအားလုံးသည် နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်နှင့် ဌာန၏ လုပ်ငန်းတာဝန် ဝတ္တရားများကို နားလည်သဘောပေါက်ပြီး တာဝန်သိသိ သစ္စာရှိရှိ လုပ်ငန်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ပင်စင်ဦးစီးဌာနရုံးချုပ်ရှိ ကွန်ပျူတာဌာနစိတ်၊ စီမံရေးရာနှင့် လေ့ကျင့်ရေးဌာနခွဲ၊ စာရင်းပေါင်းချုပ် မှတ်တမ်းဌာနခွဲ၊ ငွေပေးစာရင်းဌာနခွဲ၊ ငွေစာရင်း(စီမံလေ့ကျင့်) ဌာနခွဲ၊ ပင်စင်လုပ်ငန်းဌာနခွဲရှိ ပင်စင်လုပ်ငန်း ကြီးကြပ်ကွပ်ကဲရေးအဖွဲ့(၁)နှင့် ပင်စင်လုပ်ငန်း ကြီးကြပ်ကွပ်ကဲရေးအဖွဲ့(၂)တို့တွင် ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ပင်စင်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား အင်ဒိုနီးရှားသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအလားအလာများကို ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေး၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပြစ်မဲ့ပြည်သူ ခရီးသည် (၂)ဦးသေဆုံးပြီး (၉)ဦးဒဏ်ရာရရှိစေခဲ့သည့် ရန်ကုန်-မန္တလေး အမှတ်(၃)အဆန် အမြန်လူစီးရထား ဗုံးပေါက်ကွဲမှုဖြစ်စဉ်၏ တရားခံ ဗုံးဖောက်ခွဲသူအား ဖမ်းဆီးရမိ တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နေပြီဖြစ်

နေပြည်တော် ဇွန် ၈

ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော ရန်ကုန်-မန္တလေး အမှတ်(၃)အဆန် အမြန်လူစီးရထားပေါ်၌ မေ ၁၈ ရက် ညနေပိုင်းက ဗုံးပေါက်ကွဲခဲ့သည့်အတွက် ခရီးသည် နှစ်ဦး သေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်သတင်းအား မေ ၁၉ ရက်ထုတ် သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

ယင်းဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများက အသေးစိတ် စုံစမ်းစစ်ဆေး ဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ တာဝန်သိပြည်သူများ၏ ပူးပေါင်းကူညီသတင်းပေးမှုကြောင့် ဗုံးဖောက်ခွဲသူ တရားခံဖြစ်သည့် ကရင်ပြည်နယ် သံတောင်မြို့နယ် လိပ်သိုရာဒိုအုပ်စု ဒဝါလော်ချီးကျေးရွာနေ ကျော်ဒီ(ခ)မာရီနို(အဘ ဦးဖူးတဲ) အား ဖမ်းဆီးရမိခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

ကျော်ဒီ(ခ)မာရီနိုသည် လွန်ခဲ့သည့် သုံးနှစ်ခန့်က လယ်ခိုကျေးရွာရှိ KNU သောင်းကျန်းသူအဖွဲ့နှင့် ဆက်သွယ်၍ မိုင်းထောင်ခြင်းသင်တန်း (သင်တန်းကာလ-နှစ်ပတ်)တက်ရောက်ခဲ့ပြီး KNU အဖွဲ့၌ ထမင်းချက်အဖြစ် နှစ်နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ၎င်းအား KNU တပ်မဟာ(၂) တပ်ရင်း(၅)မှ ဖောက်ခွဲရေးတာဝန်ခံ ဗိုလ်အဆင့်ရှိ ရှာလစ်ခွေနှင့် စောကထော်၊ ရှမွေလှ၊ စောထူးဆေးတို့က အဆက်အသွယ်ရယူပြီး ရထားပေါ်၌ ဗုံးခွဲရန် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဗုံးဖောက်ခွဲပြီးနောက် ရှောင်တိမ်းနိုင်ရန်အတွက် တောင်ငူ-ပျဉ်းမနား-ကင်းသာလမ်းဆုံ-ပင်လောင်းလမ်းကြောင်းအား ကြိုတင်လေ့လာမှတ်သားမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းနောက် ရှာလစ်ခွေနှင့် စောကထော်တို့က မိုင်းကို ကျော်ဒီ(ခ)မာရီနိုထံ ပေးအပ်ခဲ့ပြီး ဝါယာကြိုးနှစ်စပူး၍ ဓာတ်ခဲထည့်အသုံးပြုရသည့် မိုင်းတပ်ဆင်နည်းကိုပါ သင်ကြားပေးခဲ့ကြောင်း။

အခင်းဖြစ်ပွားသည့်နေ့က ကျော်ဒီ(ခ)မာရီနိုသည် မိုင်းကို ကြွပ်ကြွပ်အိတ်နှင့် ထုပ်၍ အပေါ်မှ စက္ကူပုတ်ထားပြီး ဓာတ်ခဲနှစ်လုံးကို သီးခြားယူဆောင်လာခဲ့ကြောင်း၊ ၎င်းအား ရှာလစ်ခွေ၊ စောကထော်၊ စောထူးဆေးတို့က တောင်ငူဘူတာအနီးသို့ လိုက်ပို့ပြီး ငွေကျပ်နှစ်သောင်းနှင့် ရန်ကုန်-မန္တလေးအဆန် ရထားလက်မှတ်ကို ပေးအပ်ခဲ့ကြောင်း၊ ၎င်းအပြင် နေပြည်တော်ဘူတာကြီးမရောက်မီ မိုင်းအား ဓာတ်ခဲမထည့်ရန်နှင့် နေပြည်တော်ဘူတာမှအထွက် ရထားအရှိန်လျှော့ခုတ်မောင်းသည့်နေရာတွင် ဓာတ်ခဲထည့်၍ မိုင်းအသက်သွင်းပြီး ရထားပေါ်မှ ခုန်ချရန် မှာကြားခဲ့ကြောင်း၊ ကျော်ဒီ(ခ)မာရီနိုသည် ဝယ်ပေးလိုက်သည့် ရထားလက်မှတ်ဖြင့် တောင်ငူဘူတာသို့ ဆိုက်ရောက်လာသည့် အမှတ်(၃)အဆန် ရထားပေါ်သို့ တက်ရောက်ခဲ့ပြီး ရထားတွဲအမှတ်(၃)၏ အိမ်သာဘေးတွင် ထိုင်ခုံမဲ့လိုက်ပါခဲ့ကြောင်း၊ နေပြည်တော်ဘူတာကြီးအလွန် သံလမ်းများပြင်နေသည့်နေရာအရောက် ရထားအရှိန်လျှော့မောင်းနှင်သည့်အချိန်တွင် ဓာတ်ခဲကိုတပ်ဆင်ကာ ဖုံးအုပ်ထားသည့်မိုင်းအား ခရီးသည်အိတ်များတင်ထားသည့် စင်ပေါ်တွင် ထားရှိခဲ့ပြီး ရထားပေါ်မှ ဆင်းသည့်သဘောဖြင့် ခုန်ချခဲ့ကြောင်း၊ ကျော်ဒီ(ခ)မာရီနို ရထားပေါ်မှ ခုန်ချခဲ့သောနေရာသည် မိုင်တိုင်အမှတ်(၂၄၈/၂၁)ဖြစ်ကြောင်း၊ ရထားပေါ်မှ ခုန်ချပြီး နှစ်မိနစ်ခန့်အကြာတွင် ရထားပေါ်မှ ပေါက်ကွဲသံကိုကြားခဲ့ရကြောင်း၊ ရထားဗုံးပေါက်ကွဲပြီးသည်နှင့် ကျော်ဒီ(ခ)မာရီနိုသည် လယ်ကွက်နှင့် ချောင်းကိုဖြတ်ကျော်၍ ပင်လောင်းဘက်သို့ ထွက်ပြေးခဲ့ကြောင်း၊ ပင်လောင်းလမ်းအတိုင်း ရောက်ရှိရာ ကျေးရွာများ၊ တဲအိမ်များ၌ ညအိပ်ပုန်းအောင်းတည်းခိုပြီး ရှောင်တိမ်းထွက်ပြေးရန် ကြိုးပမ်းစဉ် မေ ၂၉ ရက် ညပိုင်းက တာဝန်သိပြည်သူများ၏ ပူးပေါင်းကူညီသတင်းပေးမှုကြောင့် ၎င်းအား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း၊ ရထားဗုံးဖောက်ခွဲမှုကို KNU များ၏ တာဝန်ပေး စေခိုင်းချက်အရ ၎င်းကိုယ်တိုင်ဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ဝန်ခံထွက်ဆိုခဲ့ကြောင်း သိရှိရသည်။

အပြစ်မဲ့ပြည်သူခရီးသည် နှစ်ဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိစေခဲ့သည့် ရန်ကုန်-မန္တလေး အမှတ်(၃)အဆန် အမြန်လူစီးရထားဗုံးပေါက်ကွဲမှုဖြစ်စဉ်၏ တရားခံ ဗုံးဖောက်ခွဲသူ ကျော်ဒီ(ခ)မာရီနိုအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နေပြီဖြစ်သည်။ (သတင်းစဉ်)

ပြည်သူ့ထံမှ ပေးစာများ

စက်သံဆူညံမှု ကင်းစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ဘုမ္မာ(၂၁)လမ်းရှိ တစ်လမ်းလုံးတွင် ကော်ထုတ်ကော်ပန်းစက်များ ပြုလုပ်လျက်ရှိပါသည်။ ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဆူညံသံမခံနိုင်သူ**

မိလ္လာကန်ဖောက်ချ ပတ်ဝန်းကျင် ညစ်ညမ်း

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် ကမ္ဘာအေးဘုရားထွက်ပေါက်ရှေ့တည့်တည့် လမ်းတစ်ဖက်ရှိ ကန်ထရိုက်တိုက်(၆)ခန်းတွဲ နှစ်တိုက်မှ မိလ္လာကန်ရေဆိုးများကို ဖောက်ချလျက်ရှိရာ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သန့်ရှင်းစေလိုသူ**

သံထည်များထုခွဲရောင်းဝယ် ဆူညံမှု ရှင်းလင်းဆောင်ရွက်ပြီးစီး

၂၅-၅-၂၀၁၁ ရက်ထုတ် ကြေးမုံသတင်းစာပါ ဘိုကလေးမြို့ "သံထည်များထုခွဲရောင်းချဝယ် ဆူညံမှု"ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(ဘိုကလေး-စည်ပင်)

ရွှေပေါက်ကံကားစီးရေ တိုးချဲ့ပြေးဆွဲလျက်ရှိ

၂၂-၄-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ "ရွှေပေါက်ကံ ကားစီးရေ တိုးချဲ့ပြေးဆွဲပေးပါ"ပေးစာနှင့် စပ်လျဉ်း၍ မထသ(အနောက်ပိုင်းခရိုင်) စီမံမှုအောက်ရှိ ယာဉ်အစီး(၂၀)ဖြင့် ဝင်ရောက်ပြေးဆွဲလျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ **မထသ(အနောက်ပိုင်းခရိုင်)**

ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ တရုတ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇွန် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း ဦးဆောင်သော အဖွဲ့ဝင် ၁၁ ဦးပါ မြန်မာစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ဇွန် ၆ ရက်မှ ၉ ရက်အထိ ကျင်းပမည့် The 3rd GMS Economic Corridor Week နှင့် The 19th China Import Export Fair, Kunming တို့သို့ တက်ရောက်ရန် ဇွန် ၅ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါပြပွဲသို့ ပါဝင်တက်ရောက်ပြသရန် ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင်နှင့် ဦးကျော်ဒေဝတို့ ဦးဆောင်သည့် မြန်မာစီးပွားရေးလုပ်ငန်းရှင် ၁၂၇ ဦး အဖွဲ့သည် ကြိုတင်၍ ထွက်ခွာသွားပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား ဆွစ်ဇာလန်နိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား ဆွစ်ဇာလန်နိုင်ငံ AF-Colenco Ltd. President Mr. Eero Auranne နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၈

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား ဆွစ်ဇာလန်နိုင်ငံ AF-Colenco Ltd. President Mr. Eero Auranne နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများ၏ အတိုင်ပင်ခံ လုပ်ငန်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်းသိရှိရသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တာမိုးညဲ၊ မူဆယ်၊ နမ့်ခမ်းနှင့် လားရှိုးရှိ လျှပ်စစ်အင်ဂျင်နီယာရုံးများနှင့် ဓာတ်အားခွဲရုံများ သွားရောက်စစ်ဆေး

နေပြည်တော် ဇွန် ၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇွန် ၄ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့ လျှပ်စစ်မှူးရုံး၌ ၆၆ ကေဗွီဓာတ်အားလိုင်း သိန်းနီ-ကွတ်ခိုင်အပိုင်း ၁၀ ဒသမ ၅ မိုင်၊ ကွတ်ခိုင်-တာမိုးညဲအပိုင်း ၁၄ ဒသမ ၈၆ မိုင်၊ တာမိုးညဲ-မုံးစီးအပိုင်း ၂၂ ဒသမ ၂၄ မိုင်နှင့် မုံးစီး-လောက်ကိုင်အပိုင်း ၃၀ ဒသမ ၁၀ မိုင် တည်ဆောက်မည့် လမ်းကြောင်းအခြေအနေ၊ ဓာတ်အားလိုင်းတည်ဆောက်ရန် Survey တိုင်းတာပြီးစီးမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားပြီး ၁၅၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် နှစ်လုံးဖြင့် တာမိုးညဲမြို့အား ဓာတ်အားပေးနေမှုနှင့် ၆၆/၁၁ ကေဗွီ တာမိုးညဲ ဓာတ်အားခွဲရုံ တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၅ ရက် နံနက်ပိုင်းတွင် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ မူဆယ်ခွဲရုံသို့ ရောက်ရှိပြီး နမ့်ခမ်းခွဲရုံမှ ၆၆ ကေဗွီ ဓာတ်အားလိုင်းအဝင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ဖီဒါ ၅ ခုဖြင့် ဓာတ်အားဖြန့်ဖြူးပေးမှုကိုလည်းကောင်း၊ နမ့်ခမ်းခွဲရုံ Switch Yard အတွင်းနှင့် နမ့်ခမ်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ ကွတ်ခိုင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် သိန်းနီမြို့ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ Switch Yard ၌ ၆၆ ကေဗွီ သိန်းနီ-ကွတ်ခိုင် ဓာတ်အားလိုင်း ဆွဲရန်အတွက် Switch Bay တည်ဆောက်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လားရှိုးမြို့ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး အစည်းအဝေးခန်းမ၌ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ဓာတ်အားပြတ်တောက်မှုနှင့် ပျောက်ဆုံးမှု လျော့နည်းရေး၊ ဗို့အားပြည့်မီရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး၊ ကိုယ်ကျင့်တရားကောင်းမွန်၍ ပြည်သူအားကိုးသော ဝန်ထမ်းများဖြစ်ရေးတို့ကို မှာကြားပြီး ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ လားရှိုးခွဲရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တာမိုးညဲမြို့ လျှပ်စစ်မှူးရုံး၌ ၁၅၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်နှစ်လုံးဖြင့် တာမိုးညဲမြို့အား ဓာတ်အားပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

တွမ်ဟန့်ခ်နှင့် ဂျူလီယာရောဘတ်တို့သရုပ်ဆောင်ထားသည့် Larry Crowne ဇာတ်ကားမကြာမီ ထွက်ရှိမည်

နာမည်ကျော် ဟောလိဝုဒ်မင်းသမီးချော ဂျူလီယာရောဘတ်နှင့် သရုပ်ဆောင် ဒါရိုက်တာမင်းသားကြီး တွမ်ဟန့်ခ် **(အောက်ပုံ)**တို့ အဓိကပါဝင် သရုပ်ဆောင်ရိုက်ကူးထားသည့် Larry Crowne အမည်ရှိ ဇာတ်ကားသည် လာမည့် လစောစောပိုင်းတွင် ထွက်ရှိလာမည်ဖြစ်သည်။

၎င်းဇာတ်ကားတွင် လာရီခရောင်းန်အဖြစ် တွမ်ဟန့်ခ်က သရုပ်ဆောင်ထားပြီး စတိုးဆိုင်တစ်ဆိုင်တွင် ရှစ်လ တိတိအတော်ဆုံး၊ အကောင်းဆုံးအလုပ်သမားအဖြစ် လုပ်ကိုင်ခဲ့သော်လည်း စတိုးဆိုင်ပိုင်ရှင်ထံမှ လာရီခရောင်းန်အတွက် မကောင်းသတင်းများသာကြားခဲ့ရသည်။ ထို့နောက်လာရီသည် အလုပ်ဖြုတ်ခံခဲ့ရသည်။ အလုပ်အကိုင်မရှိသည့် လာရီသည် ကောလိပ်တက်ရန်ဆုံးဖြတ်ခဲ့သည်။ ကောလိပ်တွင်လည်း ပထမပိုင်းသင်ခန်းစာများကို လက်လွှတ်ခဲ့ရသည်။ တစ်နေ့သောအခါ လာရီ ပညာသင်ကြားနေသောကျောင်းသို့ ပါမောက္ခသစ် မာစီဒီထွိုင်နော့ (ဂျူလီယာရောဘတ်) ရောက်ရှိလာခဲ့သည်။ သူမသည်လည်း ကိုယ်ရေးကိုယ်တာပြဿနာများနှင့် ကြုံတွေ့နေရသူတစ်ဦးဖြစ်သည်။ ယင်းနောက် လာရီခရောင်းန်သည် ဘဝ၏ရည်မှန်းချက်အသစ်၊ ပန်းတိုင်အသစ်၊ အပေါင်းအသင်းမိတ်ဆွေသစ်များ ရှာဖွေတွေ့ရှိသွားပုံကို သရုပ်ဆောင်ဒါရိုက်တာ တွမ်ဟန့်ခ်က ရိုက်ကူးတင်ပြထားခြင်းဖြစ်သည်။ ***အင်တာနက်။***

ဟောလိဝုဒ်ဇာတ်ကားသစ်တွင် ပါဝင်သရုပ်ဆောင်နေသည့် မင်းသမီးချော ရိစ်ဝစ်သာစပွန်း

ယခုအခါ ဟောလိဝုဒ်ရုပ်ရှင်လောကတွင် မင်္ဂလာလက်ထပ်ပွဲနှင့် ပတ်သက်သည့် ဟာသရုပ်ရှင်ကားများဖြစ်သည့် Bridesmaids နှင့် The Hangover, Part II ဇာတ်ကားများအောင်မြင်မှုရရှိနေသကဲ့သို့ ဟောလိဝုဒ် မင်းသမီးချောတစ်ဦးဖြစ်သူ ရိစ်ဝစ်သာစပွန်းသည်လည်း ယင်းဇာတ်ကားမျိုးဖြစ်သော ဇာတ်ကားတစ်ကားရိုက်ကူးလျက်ရှိသည်။

မင်းသမီးချောရိစ်ဝစ်သာစပွန်းသည် Who Invited Her? အမည်ရှိ အချစ်ဟာသဇာတ်ကားကို ရိုက်ကူးလျက်ရှိသည်။ ၎င်းဇာတ်ကားသည် စာရေးဆရာမ ဆာဆချာရော့ချိုင်းလ်၏ How to Get Divorced by 30 စာအုပ်ကို အခြေခံရိုက်ကူးထားခြင်းဖြစ်ပြီး ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သွားမည်ဖြစ်သည်။ ဝစ်သာစပွန်းသည် တနင်္ဂနွေနေ့က ကျင်းပခဲ့သည့် အမ်တီဗွီရုပ်ရှင်ဆုပေးပွဲတွင် MTV Generation Award ဆုကိုရရှိခဲ့သည်။ သူမကို တွမ်ဟာဒီ၊ ချာရစ်ပိုင်တို့နှင့်အတူ This Means War ဇာတ်ကားတွင်လည်း ကြည့်ရှုကြရဦးမည်ဖြစ်သည်။ ***အင်တာနက်။***

အေ ဝမ်း စိုး

စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

ရန်ကုန် ဇွန် ၈

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၃၀ ရက်က ကျင်းပရာ အခမ်းအနားတွင် အလုံမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး အလုံမြို့နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်ကြည်ဆွေက စီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အလုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများအား မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက စီမံကိန်းရည်မှန်းချက်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(ကြေးမုံ)

နွေရာသီအင်္ဂလိပ်စာသင်တန်းဆင်း

ရန်ကုန် ဇွန် ၈

နွေရာသီအင်္ဂလိပ်စာသင်တန်းဆင်းလက်မှတ်ပေးပွဲနှင့် ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို မေ ၃၁ ရက်က Chatrium Hotel ၌ ကျင်းပရာ GETC မှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းနိုင်ဦး အမှာစကားပြောကြားသည်။

ဆက်လက်၍ နွေရာသီအင်္ဂလိပ်စာသင်တန်းဆင်း လက်မှတ်များကို ဒေါ်ဝင်းရှီရှီအင်္ဂလိပ်စာဆရာမနှင့် Mr.Nlelson MD(NELC) နှင့် (NIEC) တို့က ကျောင်းသား၊ ကျောင်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ထို့နောက် မန်နေဂျင်းဒါရိုက်တာ ဦးထွန်းနိုင်ဦးက ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုတံဆိပ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုလ်ရာညွှန့်လမ်းနေ ဒေါ်ကျင်ပွား (၈၈)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ အဆောက်အအုံပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

လက်ခံတွေ့ဆုံ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှငွေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံရုံးမှ စစ်သံမှူးတို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H. E. Mr. Apirath Vienravi နှင့် စစ်သံမှူးတို့လည်း တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်များ ချစ်ကြည်ရင်းနှီးမှု မြင့်တင်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုရှိစေရန် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ် ညှိနှိုင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ထိုင်းဘုရင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြု နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဇွန် ၈

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တွင် စစ်ဦးစီး အရာရှိချုပ် General Tanasak Patimapragorn နှင့် ဇနီး၊ ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် Lieu-tenant General Surapong Suwana- adth တို့လိုက်ပါလျက် ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိကြရာ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး နှင့် ဇနီးတို့က နေပြည်တော်လေဆိပ်တွင် ကြိုဆိုကြသည်။

ဧည့်သည်တော် ထိုင်းဘုရင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား စစ်ရေးချုပ်နှင့် ဇနီးနှင့်အတူ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေးနှင့်ဇနီး၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Apirath Vienravi၊ ထိုင်းစစ်သံမှူး Col. Prachern Chaiyakit၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးကြီး ဝင်းမောင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဇနီးတို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုကြစဉ်။

(သတင်းစဉ်)

○ **ကျောဖုံးမှ**

စင်မြင့်သို့ သွားရောက်ပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြု တပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ၎င်းနှင့်အတူ လိုက်ပါလာသည့် ကိုယ်စားလှယ်အဖွဲ့ ဝင်များနှင့် မိတ်ဆက်ပေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ၎င်းနှင့် အတူ ကြိုဆိုနှုတ်ဆက်ကြသည့် တပ်မတော်အရာရှိကြီးများနှင့် ပြန်လည် မိတ်ဆက် ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၆-၂၀၁၁ (ကြာသပတေးနေ့)

[၁၃၇၃ ခုနှစ်၊ နယုန်လဆန်း(၈)ရက် (ဥပုသ်နေ့)]

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၁၅ ၈။ အကပဒေသာ
၈:၂၀ ၉။ တေးဂီတအစီအစဉ်
၈:၃၀ ၁၀။ "လေ့လာစရာဗဟုသုတ မကုန်ခန်းနိုင်တဲ့ ပြတိုက်၊ ပိဋကတ်တိုက်နှင့် စာကြည့်တိုက်"
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ "အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ"
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၃၀ ၁။ Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်ယူနိုက်တက် F.C နှင့် မနောမြေ F.C)
၅:၀၀ ၂။ တေးဂီတအစီအစဉ်
၅:၁၅ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
၅:၅၀ ၅။ "သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်"
၆:၀၀ ၆။ ညနေခင်းသတင်း
၆:၁၅ ၇။ မိုးလေဝသအခြေအနေ
၆:၂၀ ၈။ **ပျော်ရွှင်စေသောနေ့ရက်များ "အချစ်ကော်ဖီ"(အပိုင်း-၅၄) (ကိုလင်း၊ စိစိ၊ ရဲရဲယု၊ ယုဇနဗိုလ်မြင့်) (ဒါရိုက်တာ-အောင်ကျော်သူရ)**
၆:၃၅ ၉။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ) (အပိုင်း-၃၉)**
၈:၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ **"အစာလည်းဆေး၊ ဆေးလည်းအစာ"**
၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ကြိုး" (အပိုင်း-၃)**
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၆၆)**
၁၇။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်းတရားတော်
၁၈။ အစီအစဉ်ပြီး၏။

မေ ၃၁ ရက်က မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှဒေါင်း ရပ်ကွက် အုပ်ချုပ်ရေးမှူးထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(မြို့နယ်ပြန်/ဆက်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

သားသမီးအပေါ် မေတ္တာထား
ပိုလီယိုကာကွယ်ဆေးဖြင့် ရောဂါတား

"ဒေသအလိုက်အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၁၁"

၂၀၁၁ ခုနှစ်၊ မေလ (၁၄) ရက် (စနေနေ့) (ပထမအကြိမ်)
၂၀၁၁ ခုနှစ်၊ ဇွန်လ (၁၁) ရက် (စနေနေ့) (ဒုတိယအကြိမ်)

တိုင်းဒေသကြီး/ပြည်နယ် (၉)ခုရှိ မြို့နယ်ပေါင်း (၁၂၆)မြို့နယ်

အသက် (၅)နှစ်အောက် ကလေးငယ်များအားလုံး
ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြစို့

တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝ တိုးတက်စေရေး ပူးပေါင်းဆောင်ရွက် ကုန်ထုတ်အရင်းအနှီး ငွေကြေးများကို တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေး

နေပြည်တော် ဇွန် ၈

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆန်စပါးနှင့် ပဲအထူးပြုကုန်သည်ကြီးများလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းနှင့် မြန်မာနိုင်ငံ ပဲ/နှမ်းကုန်သည်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတာဝန်များသည် နိုင်ငံတော်အစိုးရအပိုင်း၊ စိုက်ပျိုးရေးပညာရှင်များအပိုင်း၊ စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများနှင့် တောင်သူလယ်သမားများအပိုင်း အပြန်အလှန်အကျိုးပြု ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက် သွားကြရန်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်စေရေးနှင့် လူနေမှုဘဝ တိုးတက်စေရေးတို့သည် လက်ငင်း မိမိတို့ ပူးပေါင်းဆောင်ရွက်ကြရမည့် အရေးကြီးတာဝန်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးထုတ်ကုန်များ ဈေးကွက်ခိုင်မာစေရန် လိုအပ်ချက်ကို ကုန်သည်ကြီးများအနေဖြင့် အရေးကြီးအဓိကအခန်းကဏ္ဍမှ ဆောင်ရွက်ပေးရမည့်နည်းတူ လိုအပ်ချက်အပါအဝင် အရည်အသွေးကောင်းသီးနှံထုတ်ကုန်များ၊ ဈေးကွက်လိုအပ်ချက်အရ အလုံအလောက် ထုတ်လုပ်ပေးနိုင်ရေးအတွက် လိုအပ်သော မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးနှင့် လိုအပ်သော ကုန်ထုတ်အရင်းအနှီး ငွေကြေးများကို တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးနိုင်ရေးတို့အတွက် ကုန်သည်ကြီးများအနေဖြင့် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဒုတိယဝန်ကြီးများ ဇေယျာသီရိမြို့နယ်ရှိ အနံ့များစုံလင်စွာထွက်ရှိနေသည့် တောင်သူပညာပေး သိပ္ပံနည်းကျစပါးစိုက်ခင်း၌ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ထုတ်ကုန်များအား ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခြင်းအားဖြင့် ကုန်သွယ်မှုကဏ္ဍ တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေးထုတ်ကုန်များ အဆင့်မြင့်တင်ထုတ်လုပ်နိုင်ရေးအတွက် ပြည်ပဈေးကွက်ရှာဖွေမှုတာဝန်နှင့် ကုန်သည်ကြီးများ၏ အခန်းကဏ္ဍတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ မြှင့်တင်ရေးဆိုင်ရာနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအုန်းသန်းနှင့် ဦးခင်ဇော်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးတို့က မိမိတို့၏ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံ ပဲ/နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ကိုယ်စားလှယ်တို့က ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် တက်ညီလက်ညီ ပူးပေါင်း၍ လက်တွေ့ကြိုးပမ်းလုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ အစည်းအဝေးတက်ရောက်လာကြသူများသည် ဇေယျာသီရိမြို့နယ်ရှိ အနံ့များစုံလင်စွာ ထွက်ရှိနေသည့် တောင်သူပညာပေး သိပ္ပံနည်းကျ စပါးစိုက်ခင်းသို့ ရောက်ရှိပြီး စပါးများ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေဆင်းစိုက်ပျိုးရေးသုတေသနသို့ ရောက်ရှိပြီး စုဆောင်းထိန်းသိမ်းထားသော သီးနှံဗီဇ မျိုးကွဲများ၊ ဆန်စပါးသုတေသနဌာန၊ နှံစားနှင့် ပြောင်းသုတေသနဌာန၊ ဆီထွက်သီးနှံ သုတေသနဌာန၊ ဥယျာဉ်ခြံသီးနှံ သုတေသနဌာန၊ စက်မှုကုန်ကြမ်းသီးနှံ သုတေသနဌာနနှင့် ပဲမျိုးစုံသုတေသနဌာန၊ မြေဆီလွှာသုတေသနဌာနနှင့် ရေအသုံးချမှုသုတေသနဌာနတို့မှ သုတေသန တွေ့ရှိချက်များ၊ အထွက်ကောင်း အရည်အသွေးကောင်းပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိသည့် သီးနှံမျိုးသစ်များ ပြသထားမှုကို လည်းကောင်း၊ တစ်သျှူးနည်းဖြင့်မျိုးပွားသော ဓာတ်ခွဲခန်းသို့ လည်းကောင်း ကြည့်ရှုအားပေးကြကာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Research and Development သုတေသန လုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပြီး သုတေသနမှရရှိသည့် မျိုးစေ့များနှင့် နည်းပညာများကို တောင်သူများ လက်ဝယ်ရောက်ရှိ ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးအတွက် ပညာရှင်များနှင့် စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများ ဟန်ချက်ညီညီ ပူးပေါင်း ဆောင်ရွက်သွားကြရန်အတွက် စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးသားပေါက် စိုက်ထည့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၈

အားကစားဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးသားပေါက် စိုက်ထည့်ပွဲကို ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံး သတ်မှတ်နေရာ၌ ကျင်းပရာ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်၍ စိန်တလုံး သရက်ပင်ကို စိုက်ပျိုးပေးသည်။

အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

ထို့နောက် ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် အရာထမ်း၊ အမှုထမ်းများ၏ စိန်တလုံးသရက်ပင် စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ငါးမျိုးစိုက်ထည့်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့်အတူ ရုံးအဆောက်အအုံအနီးရှိ တစ်ဖက်ပိတ်ဆည်၌ ငွေရောင်ငါးကြင်းသားပေါက်ကောင်ရေ ၄၀၀၀၊ ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၁၀၀၀၀ နှင့် ထိုင်းငါးခုံးမ သားပေါက်ကောင်ရေ ၁၀၀၀၀ တို့ကို မျိုးစိုက်ထည့်ပေးသည်။

အားကစားဝန်ကြီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင်ပေါက် ၃၀၀၊ စိန်တလုံးသရက်ပင်ပေါက် ၂၀၀၊ ခရေပင် ၂၀၀ နှင့် ပန်းအလှပင် ၁၀၀ တို့ကို စိုက်ပျိုးခဲ့ရာ ယနေ့အထိ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ စသည့် ရတနာတန်းဝင် သစ်ပင် ၃၅၀၀၊ အရိပ်ရလေကာပင်၂၅၀၀ နှင့် သရက်၊ သဘော်၊ ငှက်ပျော စသည့် သီးပင်စားပင် ၂၃၄၆ ပင်၊ ပန်းအလှ အရိပ်ရပင် ၃၃၀၀ စုစုပေါင်း ၁၁၆၄၆ ပင် စိုက်ပျိုးထားပြီးဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးသားပေါက် စိုက်ထည့်ပွဲသို့ တက်ရောက်၍ ကံ့ကော်ပင်ကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဌေးအောင်က ခရေပင်ကိုလည်းကောင်း သတ်မှတ်နေရာများ၌ အမှတ်တရ စတင်စိုက်ပျိုးပေးပြီး ဝန်ထမ်းများ၏ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ငါးကြင်းမွေးမြူ

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဝန်ထမ်းများက ဝန်ကြီးဌာန၏ တစ်ဖက်ပိတ်ဆည် အတွင်း ငါးကြင်းသားပေါက်ကောင်ရေ ၁၀၀၀၀ ကို မျိုးစိုက်ထည့်သွင်းမွေးမြူပေးကြသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီစသည့် ရတနာတန်းဝင်သစ်ပင် ၄၅၀၊ မန်ကျည်း၊ တမာ၊ ကံ့ကော်၊ ခရေ စသည့် နှစ်ရှည်အရိပ်ရသစ်ပင် ၂၅၀၊ သီးပင်စားပင် ၄၅၀ နှင့် ပန်းအလှပင် ၃၅၀ စုစုပေါင်း ပျိုးပင် ၁၅၀၀ တို့ကို စိုက်ပျိုးခဲ့ရာ ၂၀၀၆ ခုနှစ်မှ ယနေ့အထိ စုစုပေါင်း သစ်ပင် ၁၄၆၃၆ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကချင်ပြည်နယ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း ပြည်နယ်အဆင့် ဌာနဆိုင်ရာများကိုယ်စား ပြည်နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးအေးမြင့်ထံ ၂၀၁၁ - ၂၀၁၂ ခုနှစ် စီမံကိန်း ရည်မှန်းချက်တာဝန်များ ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၈

ကချင်ပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်သည့် အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းက ပဉ္စမနှစ်ကာလတို(၅) နှစ်စီမံကိန်း ပထမနှစ် ၂၀၁၁-၂၀၁၂ ခုနှစ်၏ စီမံကိန်း ရည်မှန်းချက်များ ပြည့်မီအောင် အကောင်အထည်ဖော်ရေး၊ စတုတ္ထနှစ်ကာလတို (၅)နှစ်စီမံကိန်း၏ နောက်ဆုံးနှစ် ၂၀၁၀-၂၀၁၁ စီမံကိန်းရည်မှန်းချက်များ၏ အခြေခံကောင်းများကို ထိန်းသိမ်း၍ ဌာနအလိုက်၊ ခရိုင်အလိုက် ရည်မှန်းချက် လုပ်ငန်းတာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍအလိုက် ရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်နယ်စီမံကိန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထွန်းက ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များကို အခြေခံ၍ ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အဆင့် ဌာနဆိုင်ရာများကိုယ်စား ပြည်နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးအေးမြင့်နှင့် မြစ်ကြီးနား၊ မိုးညှင်း၊ ဗန်းမော်နှင့် ပူတာအိုခရိုင်အုပ်ချုပ်ရေးမှူးများထံ ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်း ရည်မှန်းချက်တာဝန်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပျော်ဘွယ်၌ ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးဆွေးနွေး

ပျော်ဘွယ် ဇွန် ၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော မြို့နယ်အတွင်း ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး အသိပေးဆွေးနွေးပွဲကို မေ ၂၄ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပျော်ဘွယ်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းလွင်က တစ်ကမ္ဘာလုံးဆိုင်ရာ ရောဂါသုံးမျိုးရန်ပုံငွေအဖွဲ့အကြောင်းကို လည်းကောင်း၊ ငှက်ဖျားရောဂါ ကြီးကြပ်သူ ဆရာဦးကျင်အောင်က ငှက်ဖျားရောဂါအကြောင်းနှင့် ပျော်ဘွယ်မြို့နယ်အတွင်း ငှက်ဖျားရောဂါဖြစ်ပွားမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။(မြို့နယ်ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဂျပန်ဧည့်သည်များ လာရောက်တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား Myanmar Yutani Co.,Ltd. မှ Managing Director, Mr. Yoshinori Komaru နှင့် ဂျပန်နိုင်ငံ Daiyukai Medical Foundation of Japan မှ Mr. Toshiyuki Shibata တို့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာ၌ ဂျပန်နိုင်ငံ Daiyukai Medical Foundation of Japan အဖွဲ့ အစီအစဉ်ဖြင့် မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးနှင့် သယ်န်းကျွန်းစံပြဆေးရုံကြီးများသို့ ဆေးရုံသုံးပစ္စည်းများနှင့် ရောဂါရှာဖွေရေးစက်ကိရိယာများ လှူဒါန်းခဲ့မှုများနှင့် ဆက်လက်လှူဒါန်းမည့် အစီအစဉ်များ၊ ဂျပန်နိုင်ငံတွင် ဓာတ်မှန်အထူးပြုဘာသာရပ်နှင့် ဆီးနှင့်ကျောက်ကပ် အထူးပြုဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးမှု အစီအစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား Myanmar Yutani Co.,Ltd. မှ Managing Director, Mr. Yoshinori Komaru နှင့် ဂျပန်နိုင်ငံ Daiyukai Medical Foundation of Japan မှ Mr. Toshiyuki Shibata တို့ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းထုတ်ပေးရေး လွယ်ကူလျင်မြန်စွာဆောင်ရွက် ရည်မှန်းချက်တာဝန်များအောင်မြင်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိရှိဖြင့် ကြိုးပမ်း

နေပြည်တော် ဇွန် ၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇွန် ၄ ရက် ညနေ ၃ နာရီတွင် လားရှိုးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လားရှိုးခရိုင်ဦးစီးဌာနမှူးရုံးခန်းမ၌ ရှမ်းပြည်နယ်အတွင်းရှိ လားရှိုး၊ကျောက်မဲ၊ ကွမ်းလုံနှင့် လောက်ကိုင်တို့မှ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။(အောက်ယာပုံ)

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း ထုတ်ပေးရေးလုပ်ငန်းများအပေါ် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရန် အကောင်အထည်ဖော်မည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများအနေဖြင့် မျိုးချစ်စိတ်ဓာတ် အရင်းခံကာ ယုံကြည်ချက်၊ ခံယူချက်ရှိရှိဖြင့် နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်၊ မိမိဌာန၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပိုင်နိုင်စွာ တတ်ကျွမ်းနားလည်ပြီး လိုက်နာဆောင်ရွက်ကြရန်၊ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသူများ ဖြစ်သည်နှင့်အညီ စံနမူနာပြဖြစ်ရန်၊ မိမိဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် အစဉ်တွေးတောကြံဆကာ ကိုယ်စွမ်းဉာဏ်စွမ်းရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိဌာနနှင့် လုပ်ငန်းချင်းဆက်စပ်လျက်ရှိသည့် အခြားဌာနများနှင့်လည်း ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လားရှိုးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနရုံး အဆောက်အအုံများ၊ မြို့နယ်ရုံးမှတ်တမ်းခန်းနှင့် မြို့နယ်ဝန်ထမ်းများ၏ စုပေါင်းပြောင်းစိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှုနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၅ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မူဆယ်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာန မှူးရုံးခန်းမ၌ မူဆယ်ခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးရုံးများနှင့် နယ်စပ်စစ်ဆေးရေးဂိတ်များမှ ဝန်ထမ်းများအား တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် မူဆယ်မြို့ရှိ ဆင်ဖြူရွှေနန်းတော်နှင့် မန့်ဝိန်းစစ်ဆေးရေးဂိတ်များ၌ တစ်ဖက်နိုင်ငံနှင့် လူဝင်/လူထွက် စစ်ဆေးမှုကို e- Entrance စနစ်ဖြင့် မှတ်တမ်းတင်စစ်ဆေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပန်ဆိုင်း(ကြူကုတ်) နယ်စပ်စစ်ဆေးရေးဂိတ်နှင့် ပန်ဆိုင်း(ကြူကုတ်) မြို့နယ် ဦးစီးဌာနမှူးရုံးကိုလည်းကောင်း၊ ကွတ်ခိုင်မြို့နယ်ဦးစီးဌာနမှူးရုံးနှင့် မှတ်တမ်းခန်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၆ ရက် နံနက်ပိုင်းတွင် သီပေါမြို့နယ်ဦးစီးဌာနမှူးရုံး၊ ကျောက်မဲခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးရုံးနှင့် နောင်ချိုမြို့နယ်ဦးစီးဌာနမှူးရုံးများသို့ လှည့်လည်သွားရောက်၍ ရုံးအဆောက်အအုံနှင့် မှတ်တမ်းခန်းများကို ကြည့်ရှုစစ်ဆေးပြီး ရုံးနှင့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်သာယာလှပရေး၊ ဝန်ထမ်းများ ဝတ်စားဆင်ယင်မှု စနစ်တကျရှိရေး၊ မှတ်တမ်းများပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် အမြဲစစ်ဆေးဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် ဇွန် ၈

နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် မဟာသိပ္ပံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါရှိ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သိရီမေဓသည် (၁၃၇၃ ခုနှစ် နယုန်လဆန်း ၆ ရက်) ဇွန် ၇ ရက် (အင်္ဂါနေ့) ည ၁၁ နာရီ ၃၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပနပူဇာသဘင်ကို ဇွန် ၁၃ ရက် (တနင်္လာနေ့)တွင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

မုတ်သုံလေအားကောင်းမည်

နေပြည်တော် ဇွန် ၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ... — ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကျောက်တော်မြို့တွင် ၄ ဒသမ ၀၂ လက်မ၊ စစ်တွေမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ မိုးကုတ်မြို့တွင် ၃ ဒသမ ၁၉ လက်မ၊ မြောက်ဦးမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ရွှေဂူမြို့နှင့် ပလက်ဝမြို့တို့တွင် ၃ ဒသမ ၀၃ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၉၆ လက်မ၊ ဗန်းမော်မြို့တွင် ၂ ဒသမ ၉၂ လက်မ၊ ထီးလင်းမြို့တွင် ၂ ဒသမ ၂၃ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၁၂ လက်မနှင့် ကျောက်ပန်းတောင်းမြို့တွင် ၂ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ ကလေးဆေးရုံကြီး၌ မကြာမီခွဲစိတ်ကုသရန် စီစဉ်လျက်ရှိသော ရင်ချင်းဆက်အမြွှာများဖြစ်သည့် ၂ နှစ် ၆ လရှိ အင်ကြင်းခိုင်နှင့် အင်ကြင်းလှိုင် အမြွှာညီအစ်မ(ယာ)နှင့် ၂ နှစ် ၃ လရှိ ရန်ကင်းနှင့် ရန်ရှင်း အမြွှာညီအစ်ကို (ဝဲ)တို့အား တွေ့ရစဉ်။
(ဓာတ်ပုံ-ကိုကြီးသာ)

ရန်ကုန်မြို့ ကလေးဆေးရုံကြီး၌ ရင်ချင်းဆက်အမြွှာများအား ခွဲစိတ်ကုသမည်

ရန်ကုန် ဇွန် ၈

ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ကလေးဆေးရုံကြီး၌ ရင်ချင်းဆက်အမြွှာများအား မကြာမီ ခွဲစိတ်ကုသရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ခွဲစိတ်ကုသရန် စီစဉ်ထားသည့် ရင်ချင်းဆက်အမြွှာများမှာ ၂ နှစ် ၆ လရှိ အင်ကြင်းခိုင်နှင့် အင်ကြင်းလှိုင် အမြွှာညီအစ်မနှင့် ၂ နှစ် ၃လရှိ ရန်ကင်းနှင့် ရန်ရှင်းအမြွှာညီအစ်ကိုတို့ ဖြစ်ကြသည်။ အဆိုပါအမြွှာနှစ်စုံကို ကလေးဆေးရုံကြီး(ရန်ကုန်) ကလေးအာဟာရရောဂါကုသမှုဌာန၌ ပြုစုစောင့်ရှောက်ပေးထားသည်။

ကလေးဆေးရုံကြီး(ရန်ကုန်)၌ ၁၉၇၁ ခုနှစ် ဇူလိုင် ၇ ရက်တွင် မနန်းစိုးနှင့် မနန်းစံ ရင်ချင်းဆက်အမြွှာညီအစ်မနှစ်ဦးကို ပထမဦးစွာ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။ ၁၉၉၃ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် အေးအေးငြိမ်းနှင့် အိအိငြိမ်း ရင်ချင်းဆက်အမြွှာ ညီအစ်မနှစ်ဦးနှင့် ၂၀၀၉ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် စိုပြေလင်းနှင့် စိုပြေဝင်း ရင်ချင်းဆက်အမြွှာ ညီအစ်မများကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီးဖြစ်သည်။ ယခုခွဲစိတ်ကုသရန်စီစဉ်ထားမှုများသည် စတုတ္ထမြောက်နှင့် ပဉ္စမမြောက် ခွဲစိတ်ကုသမှုများ ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။ (ကိုကြီးသာ)

သစ်ပင်စိုက်ပါဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

ပြည်တွင်း အားကစားသတင်းများ

ကမ္ဘောဇကို ပယ်နယ်တီဖြင့် အနိုင်ယူပြီး မနောမြေကွာတားတက်

ရန်ကုန် ဇွန် ၈

MFF Max Cement Cup 2011 ရှုံး/ထွက်ဖလား ဘောလုံးပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ကျင်းပရာ မနောမြေအသင်းနှင့် မကွေးအသင်းတို့ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

(သုဝဏ္ဏကွင်း)

မနောမြေအသင်း - ခုနစ်ဂိုး
ကမ္ဘောဇအသင်း - ခြောက်ဂိုး

ယခုနောက်ပိုင်း ပွဲစဉ်များတွင် ခြေစွမ်းပိုင်း သိသိသာသာတိုးတက်လာသည့် မနောမြေအသင်းမှာ ယခုပွဲတွင် နာမည်ကြီး ကမ္ဘောဇအသင်းကို အနိုင်ယူကာ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ ယခုပွဲတွင် ကမ္ဘောဇအသင်း၏ နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးသွင်းယူခြင်းကို ခံခဲ့ရပြီး မနောမြေတို့ နောက်မှလိုက်ကစားခဲ့ရသည်။ ပွဲအစ ခြောက်မိနစ်တွင် စိုးမင်းဦးက ကမ္ဘောဇအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၃၆ မိနစ်တွင် ဂျက်ဆင်က ချေပဂိုးပြန်သွင်းခဲ့သည်။ ၄၆ မိနစ်တွင် သိန်းသန်းဝင်းက ကမ္ဘောဇအတွက် နောက်တစ်ကြိမ် ဦးဆောင်ဂိုး သွင်းယူခဲ့သော်လည်း ၈၁ မိနစ်တွင် ထက်အောင်၏ ဖြတ်တင်ဘောမှတစ်ဆင့် ကျော်ဇင်ထက်နှင့်ထိဝင်ကာ မနောမြေတို့ ချေပဂိုးပြန်ရခဲ့သည်။

ပယ်နယ်တီဆုံးဖြတ်ရာတွင် ပထမငါးလုံး၌ မနောမြေမှ ထူးကျော်၊ ကျော်စိုးလင်း၊ ထက်အောင်၊ ဇာကီ၊ ကမ္ဘောဇမှ ဝင်းမင်းထွန်း၊ ညဏလွင်၊ ကျော်ဇေယျာဝင်းနှင့် ဟန်ဝင်းအောင်တို့ ဂိုးဝင်ပြီး မနောမြေမှ အောင်မျိုးလွင်နှင့် ကမ္ဘောဇမှ လှအေးထွေးတို့ ဂိုးမဝင်ပေ။ မနောမြေမှ ဂျက်ဆင် ဂိုးဝင်ပြီး ကမ္ဘောဇမှ ခိုင်ဇော်ထွန်း၏ ကန်ချက်ကို မွန်ထွယ်အောင် ကာကွယ်နိုင်ခဲ့သောကြောင့် မနောမြေအနိုင်ရခဲ့ခြင်းဖြစ်သည်။

မနောမြေအသင်းသည် ကွာတားဖိုင်နယ်တွင် ဇေယျာရွှေမြေနှင့် VIVA အနိုင်ရသောအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(အောင်ဆန်းကွင်း)

မကွေး FC - နှစ်ဂိုး
(ဘိုဘိုအောင်နှင့် အဘိုလာဂျီ)
ACE FC - ဂိုးမရှိ

MNL ပြိုင်ပွဲဝင် နေပြည်တော်အသင်း၏ ညီနောင်အသင်းဖြစ်သည့် ACE အသင်းမှာ ရလဒ်ကောင်းရရန် ပြည်ပကစားသမားများဖြစ်သည့် ဂွန်နသန်နှင့် ကင်ဝန်ဂျင်းတို့ကို ထည့်သွင်းကစားခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ရှုံးပွဲကြုံတွေ့ရခြင်းဖြစ်သည်။ မကွေးအသင်းမှာ လူစုံထုတ်ကစားခဲ့ပြီး အနိုင်ဂိုးများကို ၆၈ မိနစ်တွင် ဘိုဘိုအောင်၊ ၈၉ မိနစ်တွင် အဘိုလာဂျီတို့က သွင်းယူခဲ့သည်။

မကွေးအသင်းသည် ကွာတားဖိုင်နယ်တွင် ရက္ခပူရ ယူနိုက်တက်နှင့် ဇွဲကပင်ယူနိုက်တက် အနိုင်ရသောအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မနောမြေမှ ဇာကီ၏ ထိုးဖောက်မှုကို ကမ္ဘောဇနောက်ခံလူ ကျော်ကျော်မျိုး တားဆီးနေစဉ်။

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ရာဇသူရလမ်း၊ (၇)ရပ်ကွက်နေ (ဦးစောဦး)-ဒေါ်စန္ဒာတို့၏ တစ်ဦးတည်းသောသားထွေး
မောင်ပြည့်စောဦး
B.A(Psychology),Dip.C(IT)
နှင့်
ရန်ကုန်မြို့၊ဗိုလ်တထောင်မြို့နယ်၊ကုန်သည်လမ်း၊(၇)ရပ်ကွက်နေ (ဦးမြင့်ရွှေ)လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန-ဒေါ်ကြည်မြ (ပစ်တိုင်းထောင်ဆီစက်)တို့၏ တစ်ဦးတည်းသော သမီးထွေး
မဖြူဖြူထွန်း
Bechalor of Commerce,CPA
တို့သည် နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်အရ ကျောက်တံတားမြို့နယ်တရားရုံး၌ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
မောင်ပြည့်စောဦး-မဖြူဖြူထွန်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၁၀/A)၊ မြေကွက်အမှတ်(၄၅/၁ᵃ၊ ၄၆၁ᵃ)၊အမှတ်(၄၅/၄၆၁)အမှတ်(၃)လမ်းမ၊ နှယ်ခွေကျေးရွာရှိ မြေဧရိယာ(၆. ၀၀)ဧကၤဝ မြေကန ၃၉ ရပြီးမြေ၊ မြေအမည်ပေါက်ကိုဘိုးဆိတ်၊ ကိုသန်းမောင်မြေအား မြေအမည်ပေါက် ကိုဘိုးဆိတ်နှင့်ဇနီးဒေါ်ကြည်၊ ကိုသန်းမောင်နှင့်ဇနီးဒေါ်သိန်းရှင် ကွယ်လွန်သဖြင့်(၁)ဦးကျော်မြိုင်[၁၂/မဂဒ(နိုင်)၀၈၁၉၁၉]၊ (၂)ဦးစိန်ဝင်း[၁၂/မဂဒ(နိုင်)၀၈၂၇၂၂]တို့က သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တန်ဖိုးရှိလှ
လူငယ်ဘဝ
မူးယစ်ကင်းစင်
ကျန်းမာမှ

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

ABC Billiards & Snooker Challenge Cup 2011 ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၈

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ၌ မြန်မာလက်ရွေးစင် ဘိလိယက်နှင့် စနူကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန် အဓိကရည်မှန်းချက်ဖြင့် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် Logic Myanmar Co., Ltd. တို့ကကြီးမှူး၍ Myanmar Brewery Ltd. က အဓိက ကူညီပံ့ပိုးသော ABC Billiards & Snooker Challenge Cup 2011 ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် နာနတ်တောလမ်းရှိ APEX Billiards & Snooker Center ၌ ကျင်းပသည်။**(ဝဲအောက်ပုံ)**

ဗိုလ်လုပွဲများအပြီးတွင် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၂) ဦးတာယာမြင့်ဆွေက စနူကာအငယ်တန်းပြိုင်ပွဲတွင် ပထမဆုရ မျိုးမင်းသန့်၊ ဒုတိယဆုရ မောင်မောင်နှင့် တတိယဆုရ သက်နိုင်ထွန်းတို့အားလည်းကောင်း၊ Myanmar Brewery Ltd.မှ ဦးဝင်းဇော်ထွန်းက စနူကာအကြီးတန်းပြိုင်ပွဲတွင် ပထမဆုရ ထက်ထက်၊ ဒုတိယဆုရ ဇော်အောင်နှင့် တတိယဆုရ ရဲဇော်ထွဋ်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ဘိလိယက်အကြီးတန်းပြိုင်ပွဲတွင် ပထမဆုရ ပေါက်စ၊ ဒုတိယဆုရ ကျော်ဦးနှင့် တတိယဆုရ အောင်ငွေးတို့အားလည်းကောင်း ဆုတံဆိပ်များနှင့် ဆုကြေးများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ပြိုင်ပွဲတွင် အဓိက ပံ့ပိုးကူညီခဲ့သော Myanmar Brewery Ltd.အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး Logic Myanmar Co., Ltd. က မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သို့ အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အမှုဆောင် ဦးမောင်မောင်ကြီးက လက်ခံ၍ ပြိုင်ပွဲကို တာဝန်ယူကျင်းပခဲ့သော Logic Myanmar Co., Ltd. အား မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမင်းလွင်က ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိုလံပစ်နေ့အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၈

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၁ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်း အတွင်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် စားပွဲတင်တင်းနစ် အားကစားမောင်မယ်များသည် ဇွန် ၁၇ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ်သို့ စာရင်းသွင်းရမည်ဖြစ်ပြီး အသေးစိတ်ကို ဖုန်း-၀၁-၃၈၇၉၉၄ နှင့် ၀၁-၃၈၇၉၉၅ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၈

ဗိုလ်မှူးရာဇာဝင်း(ငြိမ်း)သည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးကျော်ညွန့်အောင်(ငြိမ်း)၊ ဦးစိန်ဝင်း၊ ဦးသက်ထွန်းဦးတို့နှင့်အတူ ဇွန် ၅ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro VI(4) ဘောလုံးကို Spalding Iron No.(7) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၄ ကိုက် အကွာအဝေးတွင် ရှိသော ကျင်းအမှတ်(၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။ (ကြေးမုံ)

ပြည်ပ အားကစားသတင်းများ

ဂျာမနီအသင်း ယူရို၂၀၁၂ ခြေစစ်ပွဲအောင်ပြီ

လန်ဒန် ဇွန် ၈

ယူရို ၂၀၁၂ ခြေစစ်ပွဲ အုပ်စု(A)တွင် ဘယ်လ်ဂျီယံ၊ တူရကီ၊ ဩစတြီးယား၊ အဇာဘိုင်ဂျန်၊ ကာဇက်စတန်တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည့် ဂျာမနီအသင်းသည် ယမန်နေ့က အဇာဘိုင်ဂျန်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့် ပွဲတွင် သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့၍ အုပ်စုပွဲများ မပြီးဆုံးမီ ခြေစစ်ပွဲအောင်ခဲ့ပြီဖြစ်သည်။

အဝေးကွင်း သွားရောက်ကစားခဲ့ရသည့် ဂျာမနီအသင်းတွင် မင်နျူရယ်နူယာ၊ ဖိလစ်လမ်း၊ ဒင်းနစ်အာဂို၊ အိုဇေးလ်၊ တိုနီခရို့စ်၊ ပိုဒေါလ်စကီး၊ မာရီယိုဂိုမက်ဇ်နှင့် သောမတ်စ်မူလား စသည့် အဓိကကစားသမားများ ပါဝင်ကစားသွားခဲ့သည်။ယခုပွဲတွင် ဧည့်သည် ဂျာမနီအသင်းသည် အဇာဘိုင်ဂျန် အပေါ် ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူနိုင်ခြင်းမရှိခဲ့သော်လည်း ဂိုးကန်သွင်းခွင့်များ ပိုမိုရရှိခဲ့သည်။ ဂျာမနီအတွက် ဂိုးများကို ပထမပိုင်းပွဲချိန် မိနစ် ၃၀ တွင် အိုဇေးလ်၊ ၄၁ မိနစ်တွင် မာရီယိုဂိုမက်ဇ်နှင့် မိနစ် ၉၀ တွင် အင်ဒရီဆူရာလီတို့က သွင်းယူခဲ့သည်။ အိမ်ရှင်အဇာဘိုင်ဂျန်အတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၈၉ မိနစ်တွင် ဟူဆေးနော့ဗ်က သွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စု(A)၌ ဂျာမနီအသင်းက ခုနစ်ပွဲကစားအပြီးတွင် ရှုံးပွဲမရှိသေးဘဲ ရာနှုန်းပြည့်နိုင်ပွဲဆက်ကာ ရမှတ် ၂၁မှတ်ဖြင့် အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်သည်။ ***ESPN။***

လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိထားသည့် ဂျော်ဒန်ဟန်ဒါဆင်။

ချယ်လ်ဆီးအသင်း ကစားသမားသုံးဦးအတွက် ပေါင်သန်း ၇၀ အသုံးပြုမည်

လန်ဒန် ဇွန် ၈

ချယ်လ်ဆီးအသင်းသည် နေမာ၊ ဆန်ချက်ဇ်နှင့် မော့ဒရစ်တို့ကို ပေါင်သန်း ၇၀ အသုံးပြု၍ ခေါ်ယူသွားမည်ဟု သတင်းများတွင် ဖော်ပြထားသည်။

ရုရှားသူဌေး အေဗရာမိုဗစ်ချ်သည် ၎င်း၏အသင်းကို ပြန်လည်တောင့်တင်းအောင် တည်ဆောက်လိုခြင်းကြောင့် အသင်းအတွက်အားထားရသည့် အဆင့်အတန်းမီ ကစားသမားများကိုခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။ ဘရာဇီးသား နေမာမှာ ချယ်လ်ဆီးတစ်သင်းတည်း၏ ပစ်မှတ်ထားခြင်းကို ခံနေရသော်လည်း အူဒီးနိစ်ကစားသမားဆန်ချက်ဇ်မှာမူ ဘာစီလိုနာ၊ မန်ယူနှင့် မန်စီးတီးတို့၏ စိတ်ဝင်စားခြင်းကို ခံနေရသူဖြစ်သည်။ ထို့ပြင် စပါးကွင်းလယ်ကစားသမား မော့ဒရစ်မှာလည်း အသင်းကြီးများ၏ စိတ်ဝင်စားခြင်းကို ခံနေရသူဖြစ်သည်။ အကယ်၍ ချယ်လ်ဆီးအသင်းသည် အဆိုပါ ကစားသမားသုံးဦးစလုံးကို ခေါ်ယူမည်ဆိုပါက မျှော်မှန်းထားသည့် ပေါင်သန်း ၇၀ ထက်ပိုပေး၍ ခေါ်ယူရမည့် အခြေအနေတွင် ရှိနေသည်။

အင်တာနက်။

လီဗာပူးအသင်း ဂျော်ဒန်ဟန်ဒါဆင်ကို ခေါ်ယူရန် သဘောတူညီမှုရရှိ

လီဗာပူး ဇွန် ၈

ကစားသမားသစ် အမြောက်အမြား ခေါ်ယူရန် ပြင်ဆင်နေသည့် လီဗာပူးအသင်းသည် ဆန်းဒါးလန်းအသင်းမှ အင်္ဂလန်ယူ-၂၁ လက်ရွေးစင်ကစားသမား ဂျော်ဒန်ဟန်ဒါဆင်ကို ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဟုဆိုသည်။

အသက်(၂၀)ရှိ ဂျော်ဒန်ဟန်ဒါဆင်သည် ယခုအချိန်တွင် အင်္ဂလန်ယူ-၂၁ အသင်းနှင့်အတူ ဒိန်းမတ်နိုင်ငံတွင် ကျင်းပမည့် အသက်(၂၁)နှစ်အောက် ဥရောပချန်ပီယံရှစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ လီဗာပူးအနေဖြင့် ၎င်းကို ပေါင်သန်း ၂၀ ဝန်းကျင်ခန့်ပေး၍ ခေါ်ယူရဖွယ်ရှိနေသည်။

The Sun။

ဟာန်သစ်

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇွန် ၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ကျင်းပသည်။

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် ဇေယျာသီရိဗိမာန်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ ဇေယျာသီရိဗိမာန်ရှေ့၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် အလေးပြုခံ

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။
(သတင်းစဉ်)